# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၃၂)

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္ဂနွေနေ့


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

## မိမိတို့နိုင်ငံမှထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုကိုကန့်သတ်ထားခြင်း မရှိသည့်အတွက် ပြည်ပသို့ လျင်မြန်ချောမွေ့စွာဖြင့်တင်ပို့နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်သွားရန်လို







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Asia World Port Terminal–AWPT ဆိပ်ကမ်းတံတားအတွင်းလှည့်လည်၍ ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မတ် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Asia World Port Terminal–AWPT ဆိပ်ကမ်းသို့သွားရောက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ

**စာမျက်နှာ ၁၆ ကော်လံ ၁** ★

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မတ် ၁၆ ရက်)

# နိုင်ငံအတွက်အကျိုးပြုနိုင်သည့် သင်ကြားမှုများဆက်လက်ဆောင်ရွက်

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနေသည့်နိုင်ငံဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေအမြစ်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည့်ကိစ္စရပ်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များအားလုံးကို ကျောင်း၌ပဓိရုပ်ကောင်းမွန်စေရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားစေရေး၊ သင်ထောက်ကူပစ္စည်းများ စုံလင်စေရေးများကို ငွေအင်အား၊ လူအင်အားများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူတိုင်းမှာ ဘက်ပေါင်းစုံထူးချွန်နေကြရမည်ဖြစ်သည်။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ တစ်ဦးနှင့်တစ်ဦးပိုမိုကြိုးစားယှဉ်ပြိုင်လိုစိတ်ဖြစ်ပေါ်စေရန်အတွက် လူရည်ချွန်များရွေးချယ်ခြင်းမျိုးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်များကို ဘက်စုံပညာရေးစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့်အတွက် KG+9 ပြီးမြောက်သည်နှင့် အသက်မွေးဝမ်းကျောင်းပညာလမ်းကြောင်းသို့ ဆက်လက်လျှောက်လှမ်းရန်စီစဉ်ပေးထားသည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ တက္ကသိုလ်များသို့ အရည်အချင်း၊ ဝါသနာအလိုက် ဆက်လက်တက်ရောက်နိုင်ကြသည်။ တက္ကသိုလ်ဆိုသည်မှာ ပညာတတ်လူသားအရင်းအမြစ်များကိုမွေးထုတ်ပေးရာနေရာဖြစ်သဖြင့် နိုင်ငံတော်အတွက် အလွန်ပင်အရေးပါလှသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးလမ်းညွှန်ခြင်းကိုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ်လ ၁၄ ရက်က သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့်ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သတင်းအချက်အလက်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်က တက္ကသိုလ်၏သမိုင်းကြောင်းဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"တက္ကသိုလ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏အဆောင်များ နေရာချထားရာတွင် စနစ်တကျဖြစ်ရန်လိုပြီး သင်ကြားရေးဝန်ထမ်းများ၏အိမ်ရာများ၊ အဆောင်များကိုလည်း စနစ်တကျထားရှိရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန်အတွက် စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့်တက္ကသိုလ်တစ်ခုဖြစ်ပြီး နိုင်ငံအတွက်အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှာ ယခင်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကိုအမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် အစဉ်အလာရှိသည့်တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် တက္ကသိုလ်အတွင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့ကိုလည်း ဆောင်ရွက်နေရမည်ဖြစ်သည်။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် နည်းပညာအသုံးပြုသင်ကြားသင်ယူခြင်း၊ စီမံခန့်ခွဲမှုစနစ်ဖြင့်သင်ကြားပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများ လုပ်ငန်းခွင်သင်တန်းစေလွှတ်ခြင်းနှင့် အလုပ်အကိုင်ရရှိမှုများဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ ထို့ပြင် International Conference on Advanced Information Technologies (ICAIT) တွင် စာတမ်းများတင်သွင်းခြင်းများဆောင်ရွက်ခဲ့သည်။

သတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် စာကြည့်တိုက်အတွင်းရှိ Digital Library စနစ်၊ လေ့ကျင့်ရေးအထောက်အကူပြုစနစ်၊ AI နည်းပညာသုံးသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုစနစ်တို့ဖြင့် သင်ကြားပို့ချနိုင်မှု၊ လက်တွေ့ခန်း K–LAB အတွင်း ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့သင်ကြားပေးနိုင်မှုနှင့်သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုခန်းများ ထည့်သွင်းတည်ဆောက်ထားရှိမှုအခြေအနေများကို ဆောင်ရွက်ထားရှိပါသည်။ ထို့နောက် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ပါမောက္ခချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအားဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်အကြီးအကဲက **"လာမည့်ပညာသင်နှစ်အတွင်း လိုအပ်သည့်ပြင်ဆင်မှုများကို ယခုထက်ပိုမိုပြည့်စုံစွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းအဆောက်အဦများ တည်ဆောက်ရာတွင် လိုအပ်သည့်အဆောက်အဦမှာ တက္ကသိုလ်အင်္ဂါရုပ်နှင့်ကိုက်ညီစွာ တည်ဆောက်နိုင်ရေးကြိုတင် Plan ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံအတွက်အကျိုးပြုနိုင်သည့် သင်ကြားမှုများကို ပိုမိုဆောင်ရွက်ပေးကြရန်ဖြစ်ပါကြောင်း ရေးသား

# ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခု ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။**

# နွေစပါးနှင့် နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်ကြောင်ရေကျေးရွာအုပ်စု ကြောင်ရေကျေးရွာရှိ တောင်သူအသိပညာပေးစင်တာ(KC)၌ နွေစပါးနှင့်နွေသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မတ်လ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က မြို့နယ်အတွင်း နွေစပါးရေပေးဝေခြင်းကို မတ်လ ၁၅ ရက်တွင် စတင်ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ မတ်လအတွင်း မိုးစပါးနှင့်မိုးသီးနှံများကို အပြီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နွေနှမ်းစိုက်ပျိုးရာတွင် မိုးကြိုကာလ၌ သက်တမ်းတိုသည့် သက်လျင်မျိုးများကို စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ နွေစပါးသီးနှံများကို စိုက်ပျိုးရာတွင် ကြဲပက်ခြင်းမဆောင်ရွက်ဘဲ ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးရေးဆောင်ရွက်ရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင် မြို့နယ်ဆည်မြောင်း(တည်-၅)မှ A.E ဦးစိုးဝေလင်းထွန်းက မြောင်းမကြီးများနှင့် လက်တံမြောင်းများရေပေးဝေမည့် အခြေအနေများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးစောဝင်းက ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်နည်းလမ်း၊ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသင့်သည့်သီးနှံများနှင့် အားသာချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့်တောင်သူများက လိုအပ်ချက်များတင်ပြရာ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လယ်ဝေးမြို့နယ်အတွင်း၌ ၂၀၂၅ ခုနှစ်တွင် နွေစပါးနှင့်နွေသီးနှံစိုက်ပျိုးရန် ဆည်၊ ကန်အလိုက် လျာထားချက်အနေဖြင့် နွေစပါး ၁၇၆၀၁ ဧက၊ နွေနှမ်း ၅၈၃၉ ဧက၊ နွေအခြားသီးနှံ ၅၈၂ ဧက စုစုပေါင်း ၂၄၀၂၂ ဧက စိုက်ပျိုးရန်လျာထားကြောင်းသိရသည်။

ဝေကြည်( ပြန်/ဆက်)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၆-၃-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၃။ ၁၃:၃၀ Music Crazy |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ | ၄။ ၁၄:၅၅ Sporty Zone |
| | | | ၅။ ၁၈:၂၀ Relaxing Moment |
| | | | ၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း |

မြဝတီ နေ့စဉ်
MyawadyDaily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိပ္ပန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းဝိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်လမ်းကွက်၊ ပုဇွန်ဒိုရိုမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာ၀မ်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာ၀မ်ခံ ၀၉-၂၅၀၅၅၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဖေဖြော်လ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၃ သိန်းကျော်တင်ပို့ထား



ရန်ကုန် မတ် ၁၅

ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၃ သိန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၂၃၇၃၀၇ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၈၇ သန်းရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် ဧပြီလက အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၁၁၈၆၂ တန်၊ မေလက အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၂၈၀၊ ဇွန်လက အမေရိကန်ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၂၃၆ တန်၊ ဇူလိုင်လက အမေရိကန်ဒေါ်လာ ၈၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၅၄၄ တန်၊ ဩဂုတ်လက အမေရိကန်ဒေါ်လာ ၉၇ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၀၇၃၇၀၊ စက်တင်ဘာလက အမေရိကန်ဒေါ်လာ ၁၀၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၁၉၅၆၅ တန်၊ အောက်တိုဘာလက အမေရိကန်ဒေါ်လာ ၁၈၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၄၂၄၇၈၄ တန်၊ နိုဝင်ဘာလက အမေရိကန်ဒေါ်လာ ၁၅၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၃၃၄၅၃၅ တန်၊ ဒီဇင်ဘာလက အမေရိကန်ဒေါ်လာ ၁၄၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၃၇၉၀၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလက အမေရိကန်ဒေါ်လာ ၈၇ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၀၉၅၉၉ တန်နှင့် ဖေဖော်ဝါရီလက အမေရိကန်ဒေါ်လာ ၅၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၂၉၄၂၂ တန်တင်ပို့နိုင်ခဲ့သည်။

ယင်းသို့တင်ပို့ရာတွင် အောက်တိုဘာလက ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈၉ သန်းဖြင့် အများဆုံးတင်ပို့ထားပြီး နိုဝင်ဘာလက ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၆ သန်းဖြင့် ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်းကျော်ရရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် နှစ်သန်းကျော် တင်ပို့ရန် ရည်မှန်းထားကြောင်း သိရသည်။

**ဝါဝါ**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့လျက်ရှိ

**ပွင့်ဖြူ မတ် ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ရှိလာပြီဖြစ်၍ ဒေသခံတောင်သူများက နွေသီးနှံပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ တစ်ဧကလျှင် ၁၇ ဒသမ ၃၂ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဒေသတွင်း စားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဒေသခံတောင်သူများက စိုက်ပျိုးရေးဦးစီးဌာန၏ခြေရာခံ နည်းပညာပံ့ပိုးမှုဖြင့် ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါကုလားပဲစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့ရာတွင် လက်ရှိအချိန်ထိ ဧက ၆၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကုလားပဲ ၅၆၀၅၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီကုလားပဲစိုက်ခင်းတွေကို ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ရှိလာပြီဖြစ်လို့ ဒေသခံတောင်သူတွေက နွေသီးနှံပြန်လည်စိုက်ပျိုးနိုင်ဖို့ ဖေဖော်ဝါရီလကစပြီး ရိတ်သိမ်းခြွေလှေ့နေတာ လက်ရှိအချိန်ထိ ဧက ၆၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲရိတ်သိမ်းခြွေလှေ့ရာမှာ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် စနစ်တကျရိတ်သိမ်းကြဖို့နဲ့ လိုအပ်တဲ့ ရိတ်သိမ်းခြွေလှေ့နည်းစနစ်တွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၇ ဒသမ ၃၂ တင်းနှုန်း ထွက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၂၁၈၄၃ ဧက လျာထားသဖြင့် လျာထား၀ေကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသတွင်းရှိ ကုလားပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ မြေဩဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီ သီးနှံရိတ်သိမ်းနည်းပညာများ စသည့်တောင်သူအသိပညာပေးခြင်းများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကုလားပဲသည် ဈေးကွက်ဝင်သီးနှံဖြစ်၍ နှစ်စဉ် တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲတိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းနှင့် စိုက်ပျိုးမြေများတွင် တစ်သီးစားစိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေ အကျိုးရှိလေဖြစ်သည့် အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တစ်ပတ်တာကာလအတွင်း ငွေကျပ် ၆၄ သိန်းကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့ရှိရန်ကုန်စတော့အိတ်ချိန်း၌ မတ်လဒုတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် ၆၄ သိန်းကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုတွင် ခုနစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ မတ်လ ၁၀ ရက်နှင့် ၁၁ ရက် တို့တွင် စုစုပေါင်းငွေကျပ် ၆၄၂၉၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၀၃၅ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၁၈၄၁၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၉၁၈၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ စုစုပေါင်း ငွေကျပ် ၁၀၃၇၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၆၈၂၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၈၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၁၀၇၂၀၅၀ တန်ဖိုးရှိစတော့ရှယ်ယာ ၆၈၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၂၃၇၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ အစောင် ၆၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ စုစုပေါင်းငွေကျပ် ၆၄၀၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ အစောင် ၂၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း ဘဏ်ပိတ်ရက်များရှိနေသောကြောင့် ကုမ္ပဏီများမှ စတော့ရှယ်ယာအရောင်းအဝယ် ယာယီပိတ်ထားကြသည့်အတွက် စာရင်းဝင်ကုမ္ပဏီအားလုံးမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ဟုတ်နိုင်ပါ့မလား ငါ့လူရာ၊ ငါတို့က စိတ်ဝင်စားလောက်တဲ့လူတွေမှ မဟုတ်ဘဲ"

"ဝန်ထောက်မင်းအိမ်ကိုရောက်တဲ့ ဧည့်သည်ဆိုရင် ဟိုမြို့ ဒီမြို့က သစ်ကုန်သည်လောက်ကိုတောင် ဂရုစိုက်ကြည့်ကြတာပဲ ဆရာရဲ့၊ နောင်ကြီးတို့က ရန်ကုန်ကရောက်လာကြတဲ့ မဂ္ဂဇင်းအယ်ဒီတာညီအစ်ကိုဆိုတော့ စိတ်မဝင်စားဘဲ ဘယ်မှာနေနိုင်ကြမှာလဲ နောင်ကြီးရဲ့"

"တို့အကြောင်းတွေကို ဘယ့်နယ်လုပ်ပြီး သိသလဲ မောင်ရယ်"

"နောင်ကြီးတို့ညီအစ်ကို သဘော်ကဆင်းပြီး ဝန်ထောက်မင်းရုံးကို တက်လာကြကတည်းက ဘယ်ကဧည့်သည်တွေပါလိမ့်လို့ မေ့ကြည့်ကုန်ကြပြီး မနေ့ညက သူကြီးအိမ်ကို ဝန်ထောက်မင်းနဲ့ နောင်ကြီးတို့ သွားလည်လိုက်ကြတယ်ဆိုရင် မနက်လင်းတော့ နောင်ကြီးတို့အကြောင်းကို တစ်ရွာလုံး သိကုန်ကြတာပေါ့ခင်ဗျ၊ တချို့ကတော့ ဝန်ထောက်မင်းလို လူပျိုတွေပဲလား၊ ဘာလားညာလားနဲ့တောင် မေးကုန်ကြပြီ နောင်ကြီးရဲ့"

"မေးသူတွေက အပျိုတွေဟုတ်ရဲ့လား ငါ့လူရဲ့"

"အပျိုတွေကရော၊ သူတို့မိဘတွေကရောပေါ့ နောင်ကြီးရယ်"

ကိုဝင့်မော်၏စာရေးကလေးက ကိုဝင့်မော်၏ ရှေ့မှောက်၌ ကျွန်ုပ်တို့အား ဤကဲ့သို့ လွတ်လပ်စွာ ပြောဝံ့ခြင်းကို တွေ့ရခြင်းအားဖြင့် ကိုဝင့်မော်သည် လက်အောက်ငယ်သားများနှင့် အရောတဝင်ဆက်ဆံလေ့ရှိခြင်းကို ကျွန်ုပ် အကဲခတ်နိုင်ပေသည်။

ရေဆိပ်နှင့် ကျွန်ုပ်တို့ရှိနေသော သစ်တောရုံးမှာ လွန်စွာမနီးကပ်လှသော်လည်း ရေခပ်လာကြသော အပျိုများအနက် မည်သူကား ချောသည်၊ မည်သူကား မချောဟူသည်ကို အကဲခတ်နိုင်လောက်သည်။ အပျိုချောကိုမြင်သည့်အခါ ကျွန်ုပ်က စာရေးကလေး (မောင်မြ)အားမေးရာ မောင်မြက အပျိုချောများ၏ အမည်နာမသာမက မိဘအခြေအနေများကိုပင် ပြောပြနိုင်လေသည်။

## အနီးကြည့်တစ်မျိုး

ညနေ ၄ နာရီလောက်မှစ၍ အပျိုများ ရေခပ်ဆင်းကြရာ ၅ နာရီခန့်ရှိသောအခါတွင် အပျိုတိုင်းသုံးလေးခေါက်စီမျှ ရေခပ်ဆင်းပြီးကြပြီဖြစ်၍ ဆံပင်ဖားလျားနှင့် အပျိုချောကား မည်သူမည်ဝါဖြစ်သည်၊ လုံချည်အကျားကြီးနှင့် အပျိုချောကား မည်သူ၊ သရက်ထည်အင်္ကျီပန်းရောင်နှင့် အပျိုချောကား မည်ဝါ စသည်ဖြင့် ကျွန်ုပ် မျက်မှန်းတန်းမိကုန်လေပြီ။ (မချောသော အပျိုများမူကား အရေအတွက်တွင် မထည့်သွင်းချေ။) ကျွန်ုပ်ရောက်ဖူးသမျှသော ကျေးရွာများအနက်တွင် မြတောင်ရွာသည် အပျိုချော ရာခိုင်နှုန်းအများဆုံးဟူ၍ ယင်းညနေကပင် ကျွန်ုပ် မှတ်တမ်းတင်လိုက်ပြီးပါပြီ။ ၅ နာရီကျော်ကျော်လောက်တွင် ကျွန်ုပ်က ကိုဝင့်မော်အား "ခင်ဗျား ဘယ်အချိန် ရေချိုးတတ်သလဲဗျို့ ကိုဝင့်မော်" ဟု မေးလိုက်ရာ ကိုဝင့်မော်က "ဟေ့ ဖိုးကွန်း ရေလဲပိုင်းတို့၊ မျက်နှာသုတ်ပဝါတို့၊ ဆပ်ပြာခွက်တို့ ယူခဲ့ကွာ၊ ငါတို့ ရေချိုးမယ်" ဟု အလိုက်သိစွာ စီမံလေတော့သည်။ (တကယ်ချစ်စရာကောင်းသော သူငယ်ချင်းတစ်ယောက်ပေတကား။) ရေဆိပ်၌ ရေချိုးကြစဉ် ကျွန်ုပ်၏အလုပ်မှာ ဆံပင်ဖားလျားနှင့် အပျိုချောသည်လည်းကောင်း၊ လုံချည်ကျားနှင့် အပျိုချောသည်လည်းကောင်း၊ သရက်ထည်အင်္ကျီပန်းရောင်နှင့် အပျိုချောသည်လည်းကောင်း အဝေးမှချောသလောက် အနီး၌ ချောပါလေ၏လော်ဟု စုံစမ်းရခြင်းပင်ဖြစ်လေသည်။

အနီးသို့ ချဉ်းကပ်၍ကြည့်ရာ၌ ထပ်မံတွေ့ရှိရသောအခြင်းအရာတစ်ခုသည်ကား အပျိုအားလုံးတွင် အရုပ်ဆိုးသူအလွန်နည်း၍ ယုတ်စွအဆုံး သနားကမားနှင့် 'ရွက်ကြမ်းရေကျို'ရှိကြသူတို့သာ ပေါများလှခြင်းပေတည်း။ အပျိုချောတကာတို့တွင် နံပါတ်တစ်ထားထိုက်သူမှာ ကျွန်ုပ်၏ 'ခယ်မလောင်း'ကလေးပင် ဖြစ်လေသည်။ ကျွန်ုပ်၏ တတိယဇနီးလောင်း'မစိုး' မှာ ရေခပ်သူများအနက်တွင် မပါဝင်ချေ။ (မစိုးမှာ ထိုစဉ်က အသက် ၂၂ နှစ်ရှိပြီးဖြစ်၍ ၎င်း၏ညီမ အငယ်နှစ်ယောက်က ရေခပ်သောတာဝန်ကို ယူကြသောကြောင့် ရေခပ်ကြရာတွင် မပါဝင်ဘဲ 'အိမ်ထောင်ထိန်းအစ်မကြီး'အဖြစ်သို့ ရောက်နေခဲ့လေပြီ။)

## ကိုဝင့်မော်၏ ဝါသနာတစ်ခု

ဤနေရာ၌ သူငယ်ချင်းကိုဝင့်မော်နှင့်ပတ်သက်၍ ကျွန်ုပ်ကို အကဲခတ်နိုင်လောက်စရာဖြစ်ပေါ်လာသောအကြောင်းအရာတစ်ခုကို အမှတ်ရ၍ ဖော်ပြရဦးမည်။ ကျွန်ုပ်တို့သည် ဖောင်စွန်းတွင် (ရေညာမှ) ရေချိုးကြ၍ မိန်းမကြီးသုံးလေးယောက်တို့လည်း အောက်ပိုင်းမှ ရေချိုးလျက်ရှိကြ၏။ ဖောင်စွန်းဖြစ်သည့်အတွက်ကြောင့် ရေသည် ဤနေရာ၌ အတော်နက်၍ မထောက်မိဘဲရှိသည်နှင့် ရေကူးမတတ်သူများမှာ ဖောင်ကို ကိုင်တွယ်လျက်ချိုးကြရ၏။ သို့နှင့်ပင် ရေကူးမတတ်သူများအဖို့မှာ ဘေးအန္တရာယ်မကင်းလှပေ။ ကျွန်ုပ်တို့မှာမူကား ရေကူးတတ်သူများဖြစ်၍ ဖောင်ကိုလွှတ်ကာ မြစ်ပြင်သို့ ထွက်ကူးကြလေသည်။ (ဤနေရာ၌ ကျွန်ုပ်ရေကူးတတ်ပုံ ဆန်းကြယ်ခြင်းကို ဖော်ပြရပေဦးမည်။) ကျွန်ုပ်သည် ဘုန်းကြီးကျောင်းသားဘဝကတည်းက ရွှေတချောင်း၌ ကြိမ်ဖန်များစွာ ရေချိုးခဲ့ခြင်းအကြောင်းကို ဖော်ပြခဲ့သည်ဖြစ်ရာ ရေကူးတတ်ဖို့ အတန်တန်ကြိုးစားသော်လည်း မကူးတတ်ဘဲ 'ဖော့' ရုံမျှသာ 'ဖော့' တတ်၏။ ကျွန်ုပ်တို့၏ဆရာတော် မြိတ်ကိုယ်တော်က လူသည် ရေမျက်နှာပြင်ပေါ်တွင် ပက်လက်လှန်၍



ခြေလက်များကို ကားရားကြီးထားပြီး ဦးခေါင်းကို နောက်သို့လှန်ကာ နှာခေါင်းပေါ်ရုံကလေးမျှ ထားတတ်ပါက ရေမနစ်နိုင်ကြောင်း၊ ဦးခေါင်းကို နောက်သို့ မလှန်ဝံ့ဘဲ ခပ်ထောင်ထောင်လုပ်လိုက်လျှင်မူကား မြုပ်သွားမည်ဖြစ်ကြောင်း မိန့်တော်မူဖူးလေသည်။ ကျွန်ုပ်သည် ဆရာတော်၏စကားအတိုင်း ရွှေတချောင်းထဲ၌စမ်းသပ်ကြည့်ရာ ဟုတ်မှန်ကြောင်း တွေ့ရ၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ ရေကူးမတတ်ဘဲလျက် ရေပေါ်အောင် 'ဖော့'နိုင်လျက် ရှိလေပြီ။ တစ်နေ့သ၌ ကျွန်ုပ်နှင့် မောင်ပုသည် ဘုန်းကြီးကျောင်းမှထွက်ပြီး၍ ဆယ့်သုံးလေးနှစ်အရွယ်တွင် တခြားသူငယ်ချင်းများနှင့် မြစ်ဆိပ်သို့သွား၍ ဖောင်များအနီးတွင် ရေချိုးကြ၏။ ကျွန်ုပ်မှတစ်ပါး အားလုံးရေကူးတတ်ကြ၏။ တခြားသူငယ်ချင်းများသည် ဖောင်စွန်းတွင် ရေကူးလျက်ရှိကြစဉ် ကျွန်ုပ်မူကား ကမ်းပါးအနီး ခါးလောက်မျှသာနက်သောနေရာတွင် (မြိတ်ဆရာတော်၏နည်းအတိုင်း) တစ်ယောက်တည်း 'ဖော့' လျက်ရှိ၏။ ကျွန်ုပ်သည် ရေပေါ်တွင် ခြေလက်ကားရားထား၍ ပက်လက်လှန်ကာ ပေါ်လောပေါ်လျက်ရှိစဉ် နေကိုကြည့်နေသဖြင့် နေသည် ချာလပတ်လည်လျက်ရှိသည်ထင်ရ၏။ အမှန်မှာ နေက လည်ခြင်းမဟုတ်၊ ကျွန်ုပ်၏ကိုယ်သည် ရေပေါ်၌ ပတ်ချာလည်လျက်ရှိခြင်းမျှသာဖြစ်၏။ အကြောင်းမူကား မြစ်ရေသည် ဒလဟောစီးဆင်းလျက်ရှိစဉ် ကျွန်ုပ်၏ ကိုယ်သည် ရေပေါ်၌ ပတ်ချာလည်လျက် မျောပါခြင်းဖြစ်ပေသောကြောင့်တည်း။ ဤအကြောင်းကို နားမလည်သော ကျွန်ုပ်မှာမူ ရေမျက်နှာပြင်၌ မျောလိုက်ရခြင်းသည် 'ငြိမ့်'သည်ဆိုကာ ဇိမ်နှင့် မျောပါလျက်ရှိ၏။ တစ်ခဏ၌ ကျွန်ုပ်၏လက်ကို တစ်စုံတစ်ယောက်က ဆွဲလိုက်သည်နှင့် ပက်လက်မျောရာမှ တန့်ခနဲဖြစ်သွားပြီး မြေကြီးကို ခြေထောက်လိုက်ရာ မြေကြီးရှာမတွေ့သည်နှင့် အကြီးအကျယ် ထိတ်လန့်ရုံမက ရေမျက်နှာပြင်အောက်သို့ မြုပ်သွားပြီး နှာခေါင်းထဲသို့ ရေများ ဝင်ကုန်လေတော့သည်။ လန့်လိုက်ပုံကား ပြောဖွယ်ရာမရှိချေ။ နောက်တစ်ခဏ၌ ကျွန်ုပ်အားဆွဲထားသောလက်ကိုကိုင်ဖမ်းကာ ၎င်းကို အားပြုလိုက်သည်တွင် ရေပေါ်သို့ ဦးခေါင်းပေါ်လာ၍ ဖြစ်ရပုံအခြေအနေကို ကျွန်ုပ်မြင်ရပါတော့သည်။ ဤတွင် တစ်ကြိမ်ထပ်၍ လန့်ရပြန်ပါတော့သည်။ ဖြစ်နေပုံမှာကား ကျွန်ုပ်သည် ဖောင်ကြီး၏အစွန်း ရေနက်ထဲသို့ ရောက်လျက်ရှိ၍ မောင်ပုက ဖောင်စွန်းကို လက်တစ်ဖက်ဖြင့်ကိုင်ကာ တခြားလက်တစ်ဖက်ဖြင့် ကျွန်ုပ်၏လက်တစ်ဖက်ကို ဆွဲဖမ်းထားခြင်းဖြစ်လေသည်။ ဖြစ်ပျက်ပုံမှာ ကျွန်ုပ်သည် ချာလပတ်လည်ကာ မျောပါ၍ ဖောင်အစွန်းရှိ ရေနက်ထဲသို့ ရောက်သွားခြင်းကို မောင်ပုကမြင်၍ ကျွန်ုပ် ရေမကူးတတ်ခြင်းကိုသိသည်နှင့် ပြေးလာပြီး ဖောင်ကိုကိုင်ကာ ကျွန်ုပ်အား ဆွဲယူလိုက်ခြင်းဖြစ်လေသည်။ အကယ်၍ မောင်ပုသည် ကျွန်ုပ်၏အခြေအနေကို အချိန်မီမမြင်လိုက်ဘဲ တစ်စက္ကန့်မျှ နောက်ကျသွားသည်ဆိုပါမူကား ကျွန်ုပ်မှာ ဤမှတ်တမ်းဖြင့် စာဖတ်ပရိသတ်အား ညှဉ်းပန်းခွင့်မရတော့ဘဲ အစောကြီးက ဘဝရုပ်သိမ်းပြီး ဖြစ်ရပေတော့မည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ကန့်ဘလူမြို့နယ်၌ အခြေခံပန်းချီပြိုင်ပွဲနှင့် အခြေခံပန်းချီသင်တန်း(မူဆင့်) သင်တန်းဆင်းပွဲကျင်းပ

**ကန့်ဘလူ မတ် ၁၅**

နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်နှင့်ရင်းနှီးပြီး စာပေကိုချစ်မြတ်နိုးတတ်လာစေရန်ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီပြိုင်ပွဲနှင့် အခြေခံပန်းချီသင်တန်း(မူဆင့်)သင်တန်းဆင်းပွဲကို မတ်လ ၁၄ ရက်ကကျင်းပသည်။

အဆိုပါသင်တန်းတွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများကို အခြေခံပန်းချီပြိုင်ပွဲကျင်းပပေးရာ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး အခြေခံပန်းချီသင်တန်း(မူဆင့်) သင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပရာ ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် အခြေခံပန်းချီသင်တန်းတွင် ဆုရရှိသောသင်တန်းသား၊ သင်တန်းသူများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ဆုများချီးမြှင့်ပေးအပ်ပြီး နည်းပြဆရာ ပန်းချီဦးစိုးမြင့်ဝေကို ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုံးပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇)ရှိ နဝင်းချောင်းတံတား အဆင့်မြှင့်တင်ဖွင့်လှစ်

နေပြည်တော် မတ် ၁၅

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၄၅/၇)ရှိ နဝင်းချောင်းတံတား ပေ ၁၉၀ အား နှစ်လမ်းသွားတံတားမှလေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌမြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေ၊ နေပြည်တော်ကောင်စီနယ်မြေလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရဲမိုးနှင့် နေပြည်တော်ကောင်စီဝင်ဦးခင်မောင်လတ်တို့က မင်္ဂလာအချိန်တွင် နဝင်းချောင်းတံတားအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်တို့က နဝင်းချောင်းတံတားအဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ အမွေးနုံသာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည် တော် ကောင် စီဥက္ကဋ္ဌတို့သည် အခမ်းအနား တက်ရောက်လာသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ တိုးချဲ့တည်ဆောက်ထားသည့် တံတားအသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နဝင်းချောင်းတံတားသည် မူလက နှစ်လမ်းသွားတံတားသာဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် နှစ်လမ်းသွားအဆင့်မှလေးလမ်းသွားအဆင့် သို့တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆) မှ တာဝန်ယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင်ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါတံတား၏ ကမ်းကပ်ခုံများ ရေတိုက်စားပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရန်ယာယီဘေလီတံတားထိုး၍ ဆောင်ရွက်ခဲ့သည်။

ယခုအခါ အခိုင်အမာတံတားအဖြစ် အသွား/အပြန် လေးလမ်းသွားတိုးချဲ့တည်ဆောက်ခြင်းနှင့်တစ်ဆက်တည်း တံတားကြီးရေရှည်တည် တံ့ခိုင်မြဲရေးနှင့် ထပ်မံရေတိုက်စားမှုမရှိစေရေးအတွက် တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် Gabion Box ကမ်းထိန်းနံရံများပြုလုပ်ခြင်း၊ ရေလမ်းကြောင်းဖြောင့်ခြင်းနှင့် မြစ်ကမ်းနံရံများကို ကျောက်ကြီးစီမြေထိန်းနံရံ ပြုလုပ်ဆောင်ရွက်ခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ရာဂိမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော နဝင်းချောင်းတံတားနှင့် ကင်းသာလမ်းဆုံကြားဆက်စပ်သည့် လမ်းအပိုင်းကိုလည်း ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် လမ်းပခုံးများ တိုးချဲ့ခြင်း၊ မြေထိန်းနံရံအနိမ့် (Toll Wall) များပြုလုပ်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေစီးမြောင်းများ၊ ရေထုတ်ပြွန်များလည်း သတ်မှတ်လိုအပ်ချက်များနှင့်အညီ တည်ဆောက်ထားပြီးဖြစ်သည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် အာဆီယံဟိုင်းဝေးလမ်းမကြီး (AH-1) အပိုင်းတွင် ပါဝင်သောကြောင့် ယာဉ်သွားလာမှုများပြားသည့်အတွက် နဝင်းချောင်းတံတားအား လက်ရှိနှစ်လမ်းသွားအဆင့်မှ လေးလမ်းသွားအဆင့်သို့ တိုးချဲ့တည်ဆောက်ပေးသကဲ့သို့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းအကျယ်ကိုလည်း လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့်အထိ တိုးမြှင့်နိုင်ရန်အတွက် အကြိုလုပ်ငန်းများ အနေဖြင့် လမ်းတာပေါင် အကျယ်ပေ ၉၀ ရရှိအောင် တိုးချဲ့ခြင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက်လမ်းဘေး ဝဲ/ယာတွင် သစ်ပင်များစနစ်တကျစိုက်ပျိုးခြင်းတို့ကို စီမံချက်ချဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးတို့အတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ B.O.T ကုမ္ပဏီများနှင့် ပူးပေါင်း၍ လမ်း၊ တံတားများကို အင်္ဂါရပ်နှင့်ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် မတ် ၁၅

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/၈၃)**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် မတ် ၁၅

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ **(မိုး/၈၃)**

# ဟိုပုံးမြို့နယ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၂၅) ဆင်းပွဲကျင်းပ

ဟိုပုံး မတ် ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကြီးမှူးဖွဲ့ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့်ပူးပေါင်းပြီး ရှေးဦးပြုစုခြင်း အခြေခံသင်တန်း အမှတ်စဉ်(၂/၂၀၂၅) ဆင်းပွဲနှင့် ဆန်းစစ်စာမေးပွဲကို မတ်လ ၁၄ ရက်က ဒေသအဆင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်းပွဲတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒေါ်သင်းလွဲရီက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲနှင့် ဆန်းစစ်စာမေးပွဲကို ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး ဝင်ရောက်ဖြေဆိုခဲ့သည်။

ယင်းသင်တန်းကို မတ်လ ၁၂ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒေါ်သင်းလွဲရီနှင့် သင်တန်းနည်းပြများက ကြက်ခြေနီအကြောင်းသိကောင်းစရာ၊ ရှေးဦးပြုစုခြင်းအတွေးအခေါ်များ၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့် သတိလစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့် တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ရိုးဆက်ကြောနှင့် ကြွက်သားများ ထိခိုက် ဒဏ်ရာရခြင်း စသည်တို့ကို ရှေးဦးပြုစုနည်း၊ လူနာကိုင်တွယ်ခြင်းနှင့်သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း စသည့်အကြောင်းအရာများကို စာတွေ့ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း၊ ဆက်လက်၍ သင်တန်းဆန်းစစ်စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ချမ်းမြေ**



# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါးတင်း ၆၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါးတင်း ၆၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချိုမာဇာ၏ပြောပြချက်အရ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက နှစ်လခွဲစပါးတင်း ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်အထိ နှစ်လခွဲစပါးတင်း ၆၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဖေဖော်ဝါရီလ တစ်လတာကာလအတွင်း ရန်ကုန်ဈေးကွက်ကို နှစ်လခွဲစပါးတင်း ၆၇၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ နှစ်လခွဲစပါးက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ် မတ်လထဲမှာလည်း နှစ်လခွဲစပါးကို ရန်ကုန်ဈေးကွက်က အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဒေသထွက်လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်" ဟု ဒေါ်ချိုချိုမာကပြောသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလတစ်လတာကာလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးများ ဈေးကောင်းရရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဆံတော်ရှင် မြတ်မော်တင်စွန်း ဘုရားပွဲတော်၌ ခရု ကမာ လက်မှုထည်ပစ္စည်းများ အရောင်းသွက်နေ


ငပုတော မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင် မြတ်မော်တင်စွန်းဘုရားပွဲတော်၌ ခရု၊ ကမာ လက်မှုထည်ပစ္စည်းများ အရောင်းသွက်နေကြောင်း လက်ဆောင်ပစ္စည်းရောင်းချသူများ၏ ပြောကြားချက်အရ သိရသည်။

"ဒီကာလက ပွဲတော်ရက်ဖြစ်လို့ လက်ဆောင်ပစ္စည်းတွေ အရောင်းသွက်ပါတယ်။ အဲဒီထဲကမှ ခရု၊ ကမာလက်မှုထည်ပစ္စည်းတွေ ပိုပြီးအရောင်းသွက်ပါတယ်။ ပွဲတော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ကြပါတယ်။ ခရု၊ ကမာလက်မှုထည်ပစ္စည်းတွေက အမျိုးအစား ၃၀ ကျော်လောက်ရှိပါတယ်။ ဆံတော်ရှင်မြတ်မော်တင်စွန်းဘုရားကို သီတင်းကျွတ်၊ ခရစ္စမတ်နဲ့ ရုံးပိတ်ရက်တွေမှာ လာရောက်လည်ပတ်တာများပါတယ်" ဟု ဆံတော်ရှင် မြတ်မော်တင်စွန်းဘုရားပွဲတော်၌ လက်ဆောင်ပစ္စည်း ရောင်းချသူတစ်ဦးကပြောသည်။

ယခင်က ခရု၊ ကမာလက်မှုထည်များကို ပုံမှန်ဒီဇိုင်းများသာ ရောင်းချခဲ့သော်လည်း နောက်ပိုင်းတွင် ဖန်စီဆက်စပ်ပစ္စည်းများထည့်သွင်း၍ ခေတ်မီဒီဇိုင်းများပြုလုပ်ပြီး ရောင်းချသည့်အတွက် ယခင်ကထက် အရောင်းသွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါလက်ဆောင်ပစ္စည်းများ ပြုလုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် ခရု၊ ကမာများမှာ သဘာဝမှပေးသည့် ကုန်ကြမ်းများဖြစ်သောကြောင့် ပေါများစွာရရှိနေကြောင်း၊ ခရု၊ ကမာလက်ဆောင်ပစ္စည်းများမှာ အမျိုးအစားအလိုက် ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။ **ခန့်ခန့်**




# နတ်မောက်မြို့နယ် အုပ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများထုတ်ချေးပေး

နတ်မောက် မတ် ၁၅

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝါးရုံကုန်းကျေးရွာအုပ်စု အုပ်ဖိုကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေများပြန်လည်ထုတ်ချေးခြင်းကို မတ်လ ၁၅ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးက အုပ်ဖိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေမှ ကျေးလက်နေပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၁၆ သိန်းကို အုပ်ဖိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုပ်ဖိုကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးအတွက် ငွေကျပ် ၅၁၆ သိန်းကို တစ်ဦးချင်း လက်ဝယ်အရောက်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ(ကျေးလက်)**

# မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှု ပွဲတော်ကျင်းပ



ဆိပ်ဖြူ မတ် ၁၅

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အတွက် အထောက်အကူဖြစ်စေရေးနှင့်မြန်မာ့ရိုးရာသနပ်ခါးကို တန်ဖိုးထားမြတ်နိုးတတ်စေရေးအတွက်မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်အား မတ်လ ၁၅ ရက် နံနက်ပိုင်းတွင် မြို့နယ်လူထုအခြေပြုဌာနခွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးအရာရှိတို့က မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များ၊ မြန်မာ့ရိုးရာသနပ်ခါးအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုပွဲတော်ကို ဆက်လက်ကျင်းပရာဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်းကို ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာ့သနပ်ခါးအကြောင်းသိကောင်းစရာ နံရံကပ် ဓာတ်ပုံ၊ ပိုစတာ၊ ကဗျာ၊ ဆောင်းပါးတို့ကို ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

စိုးလင်းနိုင် (IPRD)

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

# တို့ခေါင်းဆောင်

* နိုင်ငံ့အကျိုး၊ ဆောင်သယ်ပိုး၍
အမျိုးဘာသာ၊ သာသနာကို
ပမာနေလ၊ ထွန်းတောက်ပအောင်
နေ့ညမခြား၊ သူကြိုးစားလျက်
စီးပွားလူမှု၊ အစုစုနှင့်
ပြည်သူ့ဘဝ၊ မြင့်မားရအောင်
ထောက်ဆမြော်တွေး၊ လမ်းညွှန်ပေးသည်
လေးစားထိုက်သော တို့ခေါင်းဆောင်။

* တိုင်းပြည်၏ဂုဏ်၊ ဖွဲ့စည်းပုံနှင့်
ပြည့်စုံခဲ့ညား၊ တိုင်းရင်းသားတို့
ထွေပြားမဲ့ကင်း၊ စည်းလုံးခြင်းဖြင့်
မှီတင်းပြန်လှန်၊ ညီညွတ်ရန်နှင့်
နိုင်ငံအဓွန့်ရှည်၊ ခဲ့ညားတည်ရန်
စီမံဆတိုး၊ အများအကျိုးတွက်
အားကိုးထိုက်သော တို့ခေါင်းဆောင်။

* တိုင်းပြည်ကိုယ်စား၊ ရေမြေခြားသည့်
တစ်ပါးနိုင်ငံ၊ ရောက်လေပြန်သော်
သံခင်းတမန်ခင်း၊ တည်ငြိမ်ခြင်းဖြင့်
လမင်းပမာ၊ ဆင်းရဲပဝါနှင့်
မေတ္တာညွှန်းစေ၊ မိန့်ခွန်းခွေစဉ်
ကေသရာဇာ၊ ပမာအလား
ခံ့ညားရဲရင့်၊ ပွဲလယ်တင့်၏
ဖွင့်လှစ်မိန့်ကြား၊ ဆိုစကားကို
တစ်ပါးသူလျှင်၊ ချိုနားဝင်လျက်
အောင်မြင်ပြီးမြောက်၊ ခရီးရောက်သည်
အံ့လောက်စွမ်းဆောင် တို့ခေါင်းဆောင်။

* သြော်
တို့ခေါင်းဆောင်သည်၊ ခေါင်းဆောင်ပီ၏
တိုင်းပြည်အတွက်၊ အဘက်ဘက်မှ
တိုးတက်ငြိမ်းအေး၊ ဖွံ့ဖြိုးရေးကို
တွေးရပြောရ၊ ဆွေးနွေးရနှင့်
ရာဇသနင်း၊ မင်းတို့ထုံးစံ
ညဉ့်သုံးယံတွင်၊ တစ်ယံမျှသော်
စက်ပျော်မရှိ၊ ထင်ပါဘိ၏
သူ၏လမ်းပြ၊ ညွှန်သမျှကို
ပြည့်ဝလိုက်နာ၊ ကျင့်သုံးပါလျှင်
မြန်မာပြည်သစ်၊ ရွှေတစ်ခေတ်သို့
ဖွင့်လှစ်နိုင်မည်၊ မကြာမီဟု
ယုံကြည်ပါကြောင်း၊ ဆုမွန်တောင်းသည်
ခေတ်ကောင်းအမြန် ရောက်မည်တကား။ ။

**မြင်းမူမောင်နိုင်မိုး**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံခရီးစဉ်များကိုကြည့်ရှုရင်း လေးစားဂုဏ်ယူစွာဖြင့် ဂုဏ်ပြုဖွဲ့ဆိုပါသည်။)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၈၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၈၄၇၊ ၀၉-၃၄၉၀၃၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(၌) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(၍) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို (SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရေဓာတ် ဓာတ်ဆားဓာတ်နှင့် ကျောက်ကပ်

မတ်လ ၁၃ ရက်က ကမ္ဘာ့ကျောက်ကပ်ကျန်းမာရေးနေ့ဖြစ်ပါတယ်။ ကျောက်ကပ်က လူ့ခန္ဓာကိုယ်ရဲ့ ရေဓာတ်၊ ဓာတ်ဆားဓာတ်တွေကို ပုံမှန်ဖြစ်အောင် လုပ်ဆောင်ပေးပါတယ်။ ရေဓာတ်၊ ဓာတ်ဆားဓာတ်တွေ ပုံမှန်ဖြစ်နေမှသာ ဦးနှောက်၊ နှလုံး၊ အဆုတ်၊ အသည်းနဲ့ ကလီစာတွေက ပုံမှန်အလုပ်လုပ်နိုင်မှာဖြစ်ပါတယ်။

လူ့ခန္ဓာကိုယ်ရဲ့လေးပုံသုံးပုံက ရေဓာတ်နဲ့ပြည့်နေပါတယ်။ ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်လေးတွေက ရေဓာတ်ပြည့်ဝဖို့လိုအပ်ပါတယ်။ ရေဓာတ်နည်းသွားရင် ဆဲလ်လေးတွေ အလုပ်မလုပ်နိုင်တော့ပါဘူး။ ဒါကြောင့် ရှူးလူကြီးတွေက ရေအသက် တစ်မနက်လို့ တင်စားကြတာပါ။

ပုံမှန်ကျန်းမာတဲ့ လူတစ်ဦးက တစ်နေ့ကို ရေသုံးလီတာ၊ လေးလီတာလောက်သောက်ဖို့လိုပါတယ်။ အခုလို နွေရာသီပူပြင်းတဲ့ကာလမှာဆိုရင် ရေဓာတ်ပိုလိုအပ်ပါတယ်။ ရာသီဥတုပူလို့ပဲဖြစ်ဖြစ်၊ ကိုယ်လက်လှုပ်ရှားမှုများလို့ပဲဖြစ်ဖြစ် ချွေးထွက်များတဲ့အခါ ရေဓာတ်ရော၊ ဓာတ်ဆားဓာတ်ပါ လိုအပ်ပါတယ်။

ထူးခြားတာက ကျွန်မတို့ရဲ့ ခန္ဓာကိုယ်ရဲ့ကျောက်ကပ်က ရေဓာတ်၊ ဓာတ်ဆားဓာတ်ပိုလိုတဲ့အနေအထားဆိုရင် ဥပမာ- နွေရာသီမှာဆိုရင် သူတတ်နိုင်သလောက် ရေဓာတ်၊ ဓာတ်ဆားဓာတ်တွေကို ခန္ဓာကိုယ်အတွက် စုထားပေးတယ်။ ဒါကြောင့် နွေရာသီမှာ ဆီးသွားရင် ဆီးအရောင်ရင့်ပြီး ဆီပမာဏနည်းသွားတယ်။ မိုးရာသီမှာဆိုရင် ဆီးအရောင်ဖျော့ပြီး ဆီးပမာဏများပါတယ်။

လူ့ခန္ဓာကိုယ်မှာ ရေဓာတ်ကအရေးကြီးတဲ့အတွက် နေ့စဉ်ရေများများသောက်ဖို့လိုပါတယ်။ အကြမ်းဖျင်းအားဖြင့် နှစ်လီတာ၊ သုံးလီတာသောက်ရမယ်လို့ပြောပေမယ့် ရေလျှော့သောက်ရမယ့်ရောဂါတွေအကြောင်းကိုလည်း သိထားဖို့လိုပါတယ်။

ကျောက်ကပ်က ရေဓာတ်ကို ထိန်းညှိပေးတယ်ဆိုပေမယ့် ကျောက်ကပ်အားနည်းရင် ရေဓာတ်ကို မထိန်းနိုင်တော့ပါဘူး။ အဲဒီအခါ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်များလာမယ်။ အဲဒါကို ဘယ်လိုသိနိုင်လဲဆိုရင် ခြေလက်တွေ ဖောရောင်လာတာ၊ မျက်လုံးတစ်ဝိုက် မျက်ခွံမို့လာတာ၊ မျက်နှာဖောလာတာတွေဖြစ်လာပါတယ်။ ပြီးတော့ ဗိုက်ထဲမှာ ရေတွေများလာရင် ရေဖျဉ်းဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ကျောက်ကပ်အားနည်းသူတွေ၊ အထူးသဖြင့် နာတာရှည်ကျောက်ကပ်ဝေဒနာရှင်တွေ၊ နှလုံးအားနည်းသူတွေ၊ အသည်းကျို့သူတွေဆိုရင် ရေလျှော့သောက်ရပါမယ်။ နောက်တစ်ခုက ဓာတ်ဆားဓာတ်ဖြစ်ပါတယ်။ ဓာတ်ဆားဓာတ်ဆိုလို့ အများသိတဲ့ ဓာတ်ဆားထုပ်မှာ ရေးထားတဲ့ ဓာတ်ဆားဓာတ်တွေအကြောင်းပါ။ ဆိုဒီယမ်၊ ပိုတက်ဆီယမ်၊ ကလိုရိုဒ်၊ ဘိုင်ကပ်၊ ကယ်လ်စီယမ်ဖော့စဖိတ် အစရှိတဲ့ဓာတ်ဆားဓာတ်တွေကို ကျောက်ကပ်က ခန္ဓာကိုယ်ရဲ့ ဇီဝကမ္မအခြေအနေပေါ်မူတည်ပြီး ထိန်းညှိပေးပါတယ်။ ဓာတ်ဆားဓာတ် ဥပမာ-ဆိုဒီယမ်လိုအပ်တယ်ဆိုရင် ဆိုဒီယမ်ကို ဆီးထဲမှာ လျော့သွားအောင်လုပ်တာပေါ့။

ဒီလိုဓာတ်ဆားတွေအများကြီးထဲက ဒီနေ့ဆောင်းပါးမှာ ဆားဓာတ်တစ်နည်းအားဖြင့် အငန်ဓာတ်လို့ အများသိထားတဲ့ ဆိုဒီယမ်အကြောင်းပြောပြချင်ပါတယ်။

ဆိုဒီယမ်ဓာတ်က ချွေးထွက်များတဲ့အခါ၊ နွေရာသီ ပူပြင်းတဲ့အခါ၊ လေ့ကျင့်ခန်းလုပ်တဲ့အခါ၊ ဝမ်းပျက်၊ ဝမ်းလျှောတဲ့အခါမျိုးမှာ ခန္ဓာကိုယ်ထဲမှာ ဆိုဒီယမ်ဓာတ်နည်းသွားတတ်ပါတယ်။ အဲဒီအခါ ဓာတ်ဆားရည် သောက်လိုက်ရင် ဒါမှမဟုတ် ဆားကိုပိုစားလိုက်ရင် အဆင်ပြေသွားတတ်ပါတယ်။ ဆိုဒီယမ်ဓာတ်နည်းသွားရင် သွေးပေါင်ကျတာတို့၊ နုံးခွေသွားတာတို့၊ အိပ်ငိုက်တာတို့ဖြစ်တတ်ပါတယ်။

အဲဒါနဲ့ ပြောင်းပြန်ကတော့ ဆိုဒီယမ်ဓာတ်များတာပါ။ ဆားဓာတ်များရင် သွေးတိုးရောဂါဖြစ်တတ်ပါတယ်။ သွေးတိုးရောဂါဖြစ်လာရင် လေဖြတ်တာတို့၊ နှလုံးရောဂါတို့ဖြစ်နိုင်ပါတယ်။ နာတာရှည်ကျောက်ကပ်အားနည်းတာလည်း ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် သွေးတိုးရောဂါကို သွေးပေါင်ကျဆေးအပြင် ဆိုဒီယမ်ဓာတ်များများမစားမိဖို့ အရေးကြီးပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သုတေသနတွေရဲ့ တွေ့ရှိချက်အရ ဆားစားသုံးမှုကို ယခုလို သတ်မှတ်ထားပါတယ်။ ကျန်းမာသန်စွမ်းသူလူငယ်၊ လူလတ်တစ်ဦးက တစ်နေ့ကို အိမ်သုံးဆား လက်ဖက်ရည်ဇွန်းတစ်ဇွန်းပဲ လိုအပ်ပါတယ်။ ဒီထက်ပိုစားရင် သွေးတိုးရောဂါဖြစ်နိုင်ပါတယ်။

ဒါကြောင့် ကျွန်မတို့ နေ့စဉ်စားနေတဲ့ အစားအစာတွေကို သုံးသပ်ကြည့်ရင် နံနက်စာကို ပဲပြုတ်၊ ထမင်းဆီဆမ်းစားတယ်ဆိုပါစို့။ ပဲပြုတ်ထဲမှာ ဆော်ဒါပါတယ်။ ထမင်းဆီဆမ်းမှာ ဆားဖြူးစားတယ်။ နေ့လယ်စာမှာ ကြက်သားဟင်းနဲ့ ချဉ်ပေါင်ကြော်စားတယ်ဆိုပါစို့။ ကြက်သားဟင်းထဲမှာ ဆား၊ ငံပြာရည်၊ အချိုမှုန့်နဲ့ အသားမှုန့်ပါတယ်။ အဓိကက အချိုမှုန့်၊ အသားမှုန့်တို့မှာ ဆိုဒီယမ်ဓာတ်ပါတယ်။ ချဉ်ပေါင်ကြော်ကို ငါးပိ၊ ပုဇွန်ခြောက်၊ ဆားနဲ့ လေးလေးပင်ပင်ဖြစ်အောင် ကြော်ထားတာပါ။ သူတို့အားလုံးမှာ ဆိုဒီယမ်ဓာတ်တွေပါတယ်။

နေ့လယ်ထမင်းစားပြီး လက်ဖက်သုပ်နဲ့ အအီပြေ အချိုတည်းမယ်ဆိုရင် ဆိုဒီယမ်ဓာတ်တွေ ကြည့်ကြရအောင်။ လက်ဖက်ကို ဆားနဲ့ အချိုမှုန့်နဲ့ နှပ်ထားတာ။ နှစ်ပြန်ကျော်ဆိုရင် ဆား၊ အချိုမှုန့်ပါတယ်။ နံနက်စာစားတဲ့ ပဲပြုတ်၊ ထမင်းဆီဆမ်းရယ်၊ နေ့လယ်စာ ကြက်သားဟင်းနဲ့ ချဉ်ပေါင်ကြော်ရယ်၊ လက်ဖက်သုပ်ရယ်နဲ့တင် ၂၄ နာရီကို ရတဲ့ဆားဓာတ်က လက်ဖက်ရည်ဇွန်းတစ်ဇွန်းကျော်နေပြီ။

**"လူ့ခန္ဓာကိုယ်ရဲ့လေးပုံသုံးပုံက ရေဓာတ်နဲ့ပြည့်နေပါတယ်။ ခန္ဓာကိုယ်မှာရှိတဲ့ဆဲလ်လေးတွေက ရေဓာတ်ပြည့်ဝဖို့လိုအပ်ပါတယ်။ ရေဓာတ်နည်းသွားရင် ဆဲလ်လေးတွေ အလုပ်မလုပ်နိုင်တော့ပါဘူး။ ဒါကြောင့် ရှူးလူကြီးတွေက ရေအသက် တစ်မနက်လို့ တင်စားကြတာပါ။**

**ပုံမှန်ကျန်းမာတဲ့ လူတစ်ဦးက တစ်နေ့ကို ရေသုံးလီတာ၊ လေးလီတာလောက်သောက်ဖို့လိုပါတယ်။ အခုလို နွေရာသီပူပြင်းတဲ့ကာလမှာဆိုရင် ရေဓာတ်ပိုလိုအပ်ပါတယ်။ ရာသီဥတုပူလို့ပဲဖြစ်ဖြစ်၊ ကိုယ်လက်လှုပ်ရှားမှုများလို့ပဲဖြစ်ဖြစ် ချွေးထွက်များတဲ့အခါ ရေဓာတ်ရော၊ ဓာတ်ဆားဓာတ်ပါ လိုအပ်ပါတယ်. . ."**

နောက်ပြီး ထမင်းစားပြီးဗိုက်ကယ်လို့ ရင်ချောင်အောင် လျက်ဆားစားကြတယ်။ လျက်ဆားက အရသာမငန်လို့ ဆားမပါဘူးဆိုပြီး မထင်လိုက်ပါနဲ့ လျက်ဆားမှာ နွယ်ချိုမှုန့်ပါတယ်။ နွယ်ချိုမှုန့်မှာ ဆိုဒီယမ်ဓာတ်တွေပါတော့ သွေးတိုးတာဖြစ်နိုင်ပါတယ်။

ကျွန်မတို့မြန်မာလူမျိုးတွေက အငန်ဓာတ်ကြိုက်ကြတယ်။ ဥပမာ ငါးပိထောင်း၊ ငါးပိရည်၊ ငါးခြောက်ဖုတ်ဆိုရင် အနံ့ရတာနဲ့တင် သွားရည်ယိုနေတယ်။ ဟင်းထဲမှာလဲ အချိုမှုန့်၊ အသားမှုန့် မပါရင် အရသာမရှိဘူးထင်ကြတယ်။

သွေးတိုးရောဂါရှိသူတွေ ဆိုဒီယမ်ဓာတ်၊ အငန်ဓာတ်လျှော့စားကြဖို့ တိုက်တွန်းလိုပါတယ်။ သွေးတိုးမရှိသေးတဲ့ ကလေးတွေ၊ လူငယ်တွေလည်း အငန်ဓာတ်များများမစားဖြစ်အောင် ဆင်ခြင်ကြဖို့လိုအပ်တယ်။ အချိုမှုန့်၊ အသားဓာတ်တွေပါမှ စားလို့ကောင်းတယ်ဆိုတဲ့ လျှာအရသာကို ဝိုင်းဝန်းပြုပြင်ကြရပါမယ်။ အဲ့ဒါမှ သွေးတိုးရောဂါကို အထိုက်အလျောက်ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် ရေဓာတ်၊ ဓာတ်ဆားဓာတ်နဲ့ ကျောက်ကပ်အကြောင်းရေးထားတဲ့ ဒီဆောင်းပါးလေးကိုဖတ်ပြီး သက်ရှည်ကျန်းမာအောင် သတိပြုစားသောက်ကြဖို့ ဆန္ဒပြုရေးသားလိုက်ရပါတယ်။

ပါမောက္ခဒေါက်တာ ခင်ဖြူပြာ

# စစ်ကိုင်းမြို့ လူထုအခြေပြုဗဟိုဌာန၌ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



စစ်ကိုင်း မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပန်းချီပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်လ ၁၅ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းအောင်က နွေရာသီကျောင်းပိတ်ရက်ကာလတွင် အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းတက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား မိမိတို့သင်ယူလေ့လာခဲ့သည့် ပန်းချီပညာရပ်အပေါ်တွင် မည်မျှစိတ်ဝင်စားမှုရှိပြီး တီထွင်ဖန်တီးနိုင်စွမ်းရှိသည်ကို အကဲဖြတ်စိစစ်ရန် ယခုကဲ့သို့ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပန်းချီပညာရှင် ဦးထွဏ်းထွဏ်းဦးက ပြိုင်ပွဲစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများ ခရိုင်ဦးစီးမှူး ဦးယဉ်မင်းအောင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

အဆိုပါပန်းချီပြိုင်ပွဲသို့ အခြေခံပန်းချီသင်တန်းတက်ရောက်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ် ငါးခြောက်ဈေးကွက်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်

လပွတ္တာ မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ငါးခြောက်ဈေးကွက်၌ ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သင်းသင်း၏ ပြောဆိုချက်အရ သိရသည်။

လပွတ္တာမြို့နယ်၌ ပင်လယ်ငါးကွမ်းရှပ်အချိုခြောက်နှင့် အငန်ခြောက်ဟူ၍ နှစ်မျိုးထုတ်လုပ်ရောင်းချနေပြီး မတ်လ ပထမပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်ခဲ့ကြောင်း၊ တစ်ရက်လျှင် ပိသာ ၂၅၀ မှ ၅၅၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးပိ၊ ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုရှိလာပြီး ဒေသဈေးကွက်အတွင်း ငါးခြောက်ဈေးနှုန်းများ တည်ငြိမ်လာမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**မြင်းခြံ မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျောင်းသားလူငယ်များအနေဖြင့် ပန်းချီရေးဆွဲရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်း သင်တန်းဖွင့်ပွဲကို မတ်လ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနွဲ့က ကျောင်းသားလူငယ်များ မိမိကိုယ်ကိုယုံကြည်မှုရှိစေရန်၊ စိတ်ကူးစိတ်သန်းကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းတွင် သင်တန်းဆရာ ပန်းချီချစ်သော်က ပန်းချီအခြေခံနှင့် လူပုံရေးဆွဲနည်း၊ ရှုခင်းပုံရေးဆွဲနည်း၊ သရုပ်ဖော်ဒီဇိုင်းနှင့် လက်ရေး၊ အခြေခံမျဉ်းရေးဆွဲနည်း စသည့် ပန်းချီပညာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့အခြေခံပညာကျောင်းများမှ ကျောင်းသား ၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို မတ်လ ၁၅ ရက်မှ ၂၃ ရက်အထိ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။**ကျော်စွာ(မြင်းခြံ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများထုတ်ချေး

**ဇီးကုန်း မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကရင်ကွင်းကျေးရွာ၌ မတ်လ ၁၅ ရက် နံနက်ပိုင်းတွင် (၁၂)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ဆောင်ရွက်သည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ပန်းစပယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့်အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ကျပ် ၄၅ ဒသမ ၀၂ သန်းကို ကရင်ကွင်းကျေးရွာမှ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက ကရင်ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးအား ချေးငွေကျပ် ၁၇ ဒသမ ၄၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ချေးငွေကျပ် ၂၇ ဒသမ ၅၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၅ ဒသမ ၀၂ သန်းကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် အသီးသီး ထုတ်ချေးပေးကြောင်း သိရသည်။ **ချိုလေး**

# ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး



**ဒေးဒရဲ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မဲဇလီကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ်လ ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီသီအောင်၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မဲဇလီကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းကိုရေရှည်တည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ကြရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များ၊ ကျေးရွာသူ၊ကျေးရွာသားများနှင့်တွေ့ဆုံဆွေးနွေးမှာကြားသည်။

မဲဇလီကျေးရွာ၌ လမ်းအရှည်ပေ ၁၁၆၀၊ အကျယ် ၄ ပေ၊ ထု ၆ လက်မရှိသည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၃ ဒသမ ၂ သန်းအသုံးပြု၍ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ **မင်းမြင့်မိုရ်**

## နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

# ပြည့်မွန်မှတ်တမ်း အံ့မခန်း

➤ သူ့ကျွန်အဖြစ်၊ နွံအနစ်တွင်
မျိုးချစ်လူငယ်၊ ပြည့်ဂုဏ်ထည်အောင်
သုံးဆယ်ဦးက၊ ထူးခြားလှသည့်
မြန်မာ့အစွမ်း၊ အံ့မခန်းမို့
မော်ကွန်းခိုင်မာ၊ ရှိနေပါသည်
စဉ်လာကောင်းခေါ် တပ်မတော်။

➤ ဗမာ့လွတ်လပ်ရေး၊ စိတ်ဝယ်တွေးကာ
အတွေးမှသည်၊ လက်တွေ့ဆီသို့
ညီတူရွက်ထား၊ ပြည့်ချစ်သားတို့
စွန့်စားဝင့်ကြွား၊ တစ်နယ်ခြားမှာ
အားငယ်မရှိ၊ ရဲစွမ်းဘိ၏
ပြည့်၏ဂုဏ်ဖော် တပ်မတော်။

➤ သူ့ကျွန်လွတ်မြောက်၊ ဝမ်းသာရောက်စဉ်
ကူထောက်ဂျပန်၊ ဆိုးညစ်ပြန်သည်
အမှန်တွေးဆ၊ နောင်တရ၏
ဖေးမကူညီ၊ ရှိပေမည်ဟု
အောင်စည်ယွန်းကာ၊ ကြိုခဲ့ပါလည်း
ခုခါသရုပ်၊ အစွယ်ထုတ်ပြီ
စက်ဆုပ်ဖွယ်အတိ ရှိခဲ့၏။။

➤ ဂျပန်ဖက်ဆစ်၊ လွန်ဆိုးညစ်သော်
အဖြစ်ဆိုးရွား၊ မြန်မာများက
ခံစားဒုက္ခ၊ မမျှတ၍
တက်ကြွအားမာန်၊ တို့တော်လှန်မည်
ရန်ကိုဖယ်ရှင်း ညီညွတ်ခြင်းနှင့်။

➤ နိုင်ငံလူမျိုး၊ ဂုဏ်မည်သို့အောင်
ကောင်းကျိုးရည်မြော်၊ တပ်မတော်သည်
မြေပေါ်မြေအောက်၊ တပ်ကိုဖျောက်၍
ပြောက်ကျားစစ်သွင်၊ တိုက်စစ်ဆင်၏
ဖြစ်စဉ်အစ၊ နွေမတ်လတွင်
ရက်ကန္တစ်ခွန်၊ လွန်ထူးချွန်သည်
ပြည့်မွန်မှတ်တမ်း အံ့မခန်းတည်း။ ။

**မန္တလာကိုကိုဝင်း**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၃-၂၀၂၃(တနင်္ဂနွေနေ့)

၁။ ၀၇:၁၅ မေတ္တာပို့
၂။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၃။ ၀၉:၀၀ အမှတ်တရနေ့ရက်များ
၄။ ၁၀:၀၀ မြန်မာသံစဉ် ချိုနှာဝင်
၅။ ၁၉:၀၀ **ရုပ်မြင်သံကြား၏ဘော်လမ်းတွဲလက်တူစုံချစ်ရိုင်ဖြို့ (ဧာတ်သိမ်းပိုင်း)**
**သရုပ်ဆောင်-ခန့်စည်သူ၊ စိုးမြတ်သူဇော**
**ဒါရိုက်တာ-တင်အောင်စိုး**
**(ပန်းမြို့တော်)**

# ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် မဟာဇိနကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးတွင် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိ

ပဲခူး မတ် ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗိုလ်ကုန်း (၁၈) ရပ်ကွက်၌တည်ထားသော ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် မဟာဇိနကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးတွင် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိရာ ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြောင်း အဆိုပါစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် မဟာဇိနကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးကို ဟံသာဝတီပထမခေတ်၏ နောက်ဆုံးဘုရင်ဖြစ်သော တိသရာဇာမင်းနှင့် မိဖုရား မွန်မင်းသမီးတလထော်တို့က ကောဇာသက္ကရာဇ် ၄၀၇ ခုနှစ်၊ ခရစ်နှစ် ၁၀၄၅ ခုနှစ်က စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စေတီတော်မြတ်ကြီး အစဉ်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုဖွယ်ရာဖြစ်စေရေးတို့အတွက် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိသည်။

"ကျိုက်ကလွန်ပွန်း စေတီတော်မြတ်ကြီးကို ဘက်စုံပြုပြင်မွမ်းမံမှုတွေ ဆောင်ရွက်ရာမှာ အလှူရှင်တစ်ဦးချင်းစီကနေရရှိတဲ့အလှူငွေတွေ၊ ရပ်ကွက်အတွင်းမှာ လှည့်လည်အလှူခံလို့ရတဲ့အလှူငွေတွေ၊ ဘုရားပေါ်မှာ အလှူခံလို့ရရှိတဲ့ငွေတွေနဲ့ ပထမဆုံးကွန်ကရစ်ထိုင်ခုံတွေ လုပ်ခဲ့ပါတယ်။ ပန်းအလှပင်




ပေါင်း ၃၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ ပန်းပင်တွေ ရေလောင်းဖို့ ရေစင်နှစ်ခု တည်ဆောက်ခဲ့ပါတယ်။ စေတီတော်မြတ်ကြီးကို လျှပ်စစ်မီးပူဇော်ဖို့ ဝပ် ၁၀၀၀ ဆလိုက်မီးလေးလုံးကို စေတီတော်ရင်ပြင်ထောင့်လေးထောင့်မှာ ထွန်းညှိပူဇော်ထားပါတယ်။ ဒါ့ပြင် စေတီတော်မြတ်ကြီးပတ်ပတ်လည် ရင်ပြင်တော်ပေါ်မှာ ကြွေပြားခင်းခြင်း၊ ဓမ္မာရုံထဲမှာ ကြမ်းခင်းကြွေပြားခင်းခြင်း၊ မျက်နှာကြက်တွေပြုပြင်ခြင်းနဲ့ တခြားလုပ်ငန်းတွေကိုလည်း ငွေကျပ်သိန်း ၉၀၀ ကျော် အကုန်အကျခံဆောင်ရွက်ခဲ့ပါတယ်" ဟု ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် မဟာဇိနကျိုက်ကလွန်ပွန်းစေတီတော် ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းကပြောသည်။

အဆိုပါစေတီတော် ထပ်မံပြုပြင်မွမ်းမံမှုများအနေဖြင့် စေတီတော်အနောက်ဘက်ခမ္မာရုံတွင် ကြမ်းခင်းကြွေပြားခင်းခြင်းလုပ်ငန်းနှင့် စေတီတော်ရင်ပြင်ထောင့်လေးထောင့်ရှိ တံခွန်တိုင်လေးခုအား ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ ဘုရားဝတ္ထုကံမြေရရှိရေးအတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ရာ ဘုရားဝတ္ထုကံမြေရရှိပါက မဟာရံတံတိုင်းကာရံခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမှုများဆောင်ရွက်ရန် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုမှ တစ်လလျှင် ပျမ်းမျှ အလှူငွေ ငွေကျပ်သိန်း ၄၀ ခန့်ရရှိကြောင်း၊ ယခုအခါ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအတွက် စေတီတော်အရှေ့ဘက်မုခ်အနီး၌ အလှူခံဌာန ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



ရန်ကုန် မတ် ၁၅

နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုမှ ကြီးမှူးပြီး စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ ၁၅ ရက်တွင် ရန်ကုန်မြို့ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပသည်။

"YMBA အသင်းကြီးအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ ဒီနေ့ကတော့ နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အသင်းသူ၊ အသင်းသားတွေ စုပေါင်းသွေးလှူဒါန်းတာဖြစ်ပါတယ်။ ပြည်သူတွေ၊ တပ်မတော်သားတွေ၊ တပ်မတော်သားမိသားစုဝင်တွေ သွေးလိုအပ်တဲ့အခါမှာ အဆင်ပြေစွာ အသုံးပြုနိုင်ဖို့ရည်ရွယ် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနေ့ သွေးလှူဒါန်းပွဲမှာ အသင်းသား၊ အသင်းသူ ၁၀၀ ကျော် ပါဝင်လှူဒါန်းပါတယ်"ဟု ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုဒုတိယဥက္ကဋ္ဌ ဦးပြည်စိုးဟန်ကပြောသည်။

ထို့ပြင် နှစ် (၈၀) ပြည့် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ ကြီးမှူး၍ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တို့တွင်လည်း သွေးလှူဒါန်းခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရေးပေါ်သွေးလိုအပ်သူများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ရုံးများ၌ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**လင်းခန့်**

# ကွမ်းခြံကုန်းမြို့နယ် ကန့်မလာကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကန့်မလာကျေးရွာအုပ်စု ကန့်မလာကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးဖူလုံစွာ ရရှိစေရန်ရည်ရွယ်၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ်လ ၁၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကန့်မလာကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည်ပေ ၅၇၀၀ ရှိ အိမ်သွယ်ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ မော်တာပန့်တပ်ဆင်ခြင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေရရှိစေရေးနှင့် တိရစ္ဆာန်များဝင်ရောက်မှုမရှိစေရန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကန့်မလာကျေးရွာ၌ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုငွေ ငွေကျပ် ၄၈၄ သိန်း အကုန်အကျခံကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လနောက်ဆုံးပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ဘားအံမြို့နယ် ကော့ဒွန်းကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများ ကွင်းဆင်းစစ်ဆေး

ဘားအံ မတ် ၁၅

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေဖြင့် ကော့သံခါကျေးရွာအုပ်စု ကော့ဒွန်းကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများကို မတ်လ ၁၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးမင်းဝေဖြိုး၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကော့ဒွန်းကျေးရွာ၌ အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ကော့ဒွန်းကျေးရွာ၌ ကွန်ကရစ်အမျိုးအစား ကုန်ထုတ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ် ၉၇ ဒသမ ၉၉၇ သန်းဖြင့် ရတနာပြည့်လှိုင်ကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇွန်လ ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

(၃၈)ဖြာမင်္ဂလာ

# ဆည်းပူးလေ့လာ ပညာရွာ(သိပ္ပံ၃)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



“ဒီအုတ်တွေက”

လေးလေးက ရေချိုးစင်အနီး၌တွေ့ရသော အုတ်ပြားတွေကိုကြည့်ရင်းမေးလိုက်သည်။ စိုးသူအဖေဦးသန်းဌေးက

“ဒါ... ပျူအုတ်တွေလေကွာ၊ တို့မှော်ဇာမှာ ပျူအုတ်တွေက ပေါမှပေါပဲ”

ဦးချစ်တိုးက ပျူအုတ်ချပ်တွေကိုကြည့်ရင်း

“ပျူအုတ်ဖြစ်မှန်း ဘယ်လိုသိနိုင်လဲ”

ဦးသန်းဌေးက မြက်ရှင်းနေရာမှ ဦးချစ်တိုးအနားသို့ထလာပြီး ပျူအုတ်တစ်ချပ်ကို လှမ်းယူလိုက်သည်။

“သူ့ရဲ့ပုံစံက ခန့်မှန်းရလွယ်ပါတယ်ကွ၊ ဒီမှာကြည့် ထုက ၃ လက်မလောက်ပဲရှိတယ်။ အနံက ၉ လက်မ နဲ့အလျားက ၁၈ လက်မဝန်းကျင်မှာရှိတယ်”

စိုးသူက မြက်များသယ်ယူနေရာမှ ဖေဖေတို့စကားပြောနေရာသို့ဝင်၍ နားထောင်လိုက်မိသည်။ ဦးချစ်တိုးက-

“အုတ်ချပ်တိုင်းက ဒီပမာဏရှိလား”ဟု မေးလိုက်သည်။ ဦးသန်းဌေးက ခေါင်းယမ်းပြရင်း

“တချို့ကျတော့ ထုက ၃ လက်မခွဲရှိတယ်၊ အနံ ၉ လက်မနဲ့ အလျားလက်မ ၂၀ ရှိတယ်၊ ဒီမှာကြည့် ပျူအုတ်မှန်ရင် လက်ရေးစင်းတွေပါတတ်တယ်”

ဖေဖေရှင်းပြမှပင် စိုးသူသတိထားလိုက်မိသည်၊ အုတ်ချပ်ပေါ်မှ လက်ရေးအစင်းရာများသည် ခေတ်တစ်ခေတ်၏ ပြယုဂ်မှန်းနားလည်လိုက်သည်။

“တချို့အုတ်တွေမှာ သင်္ကေတတွေလည်းပါတတ်တယ်”

ဖေဖေကအုတ်ချပ်ပေါ်မှသင်္ကေတကိုပြရင်းနှင့် ပြောလာပြန်သည်။

“ပျူခေတ်အကြောင်းပြောရင် မင်းသုတေသနစာအုပ်တစ်အုပ် ရေးချင်စိတ်ပေါက်သွားနိုင်တယ်၊ ရသစာပေအနေနဲ့လည်း ဖွဲ့နွဲ့နိုင်တယ်”

ဖေဖေကအုတ်ချပ်ကိုပြရင်း ကွပ်ပျစ်၌ ဝင်ထိုင်လိုက်သည်။ ဦးချစ်တိုးနှင့်စိုးသူလည်း ဖေဖေ့အနားမှာ ဝင်ထိုင်လိုက်ကြသည်။

“ခေတ်တစ်ခေတ်မှာ လူအများချမ်းသာရာ ချမ်းသာကြောင်းဖြစ်တဲ့ လက်သမား၊ ပန်းပဲ၊ ပန်းထိမ်၊ ကျောက်သွေး၊ ရက်ကန်း၊ အိုးခွက်ပန်းကန် စတဲ့လက်မှုအတတ် စက်မှုအတတ်တွေဟာ ထွန်းကားမြဲဖြစ်တယ်၊ အဲဒီထွန်းကားတဲ့ သိပ္ပံအတတ်ပညာတွေဟာလည်း တိုင်းပြည်၊ နိုင်ငံလူမျိုးတွေရဲ့ ချမ်းသာရာရကြောင်းနှင့် တိုးတက်ကြီးပွားကြောင်းတွေကို ဖြစ်ထွန်းစေတယ်”

“ဟုတ်ပါတယ်ကိုကို၊ ဒါကို ကျွန်တော်သဘောပေါက်လက်ခံပါတယ်”

ဖေဖေ့စကားကို ဦးချစ်တိုးကထောက်ခံလိုက်သည်။

“လက်နဲ့ပြုရတဲ့ တတ်မြောက်မှုမှန်သမျှ သိပ္ပံဆိုတဲ့ အတတ်ပညာတွေချည်းပါပဲကွာ၊ ဒီကနေ့ခေတ်မှာ စက်မှုပညာနဲ့ သိပ္ပံပညာတွေပါဝင်သလို ရှေးခေတ်တုန်းကဆိုရင် ကခုန်ခြင်း၊ တီးမှုတ်ခြင်းအတတ်ပညာတွေကိုတောင် သိပ္ပံလို့ခေါ်ခဲ့ကြတယ်။ ဒါကြောင့် ပျူတို့ရဲ့ သရေခေတ္တရာခေတ်မှာ သိပ္ပံဆိုတဲ့ အတတ်ပညာထွန်းကားနေပြီဆိုတာ လက်ရေးစင်းအုတ်ခွက်စာတွေ ဘုရားစေတီ၊ ပုတီးစေ့တွေကနေအခြင်းပွားဖွယ်မရှိနိုင်ဘူးပေါ့”

ဖေဖေက စကားကို ခေတ္တရပ်နားလိုက်သည်။ ဦးချစ်တိုးနှင့်စိုးသူက ဖေဖေပြောလာဦးမည့်စကားကို ငုံလင့်နေမိသည်။

“ခေတ်တိုင်းခေတ်တိုင်းမှာ လူတွေဟာ အတတ်ပညာမှန်သမျှ ဆည်းပူးလေ့လာသင်ယူနေကြရမယ်။ ဒါမှ ကြီးပွားရာကြီးပွားကြောင်းတွေကို စွမ်းနိုင်တဲ့ ဘက်၊ စွမ်းနိုင်တဲ့ဌာနကနေ တစ်စွန်းတစ်စ၊ တစ်ထောင့်တစ်နေရာက သယ်ပိုးထမ်းရွက်ရာကျတော့မှာပေါ့”

ဖေဖေက အကြမ်းအိုးကိုငဲ့ကာ မှုတ်သောက်နေပြီး ဦးချစ်တိုးကတော့ အဝေးမှ အိပ်တန်းပြန့်ဂက်တစ်အုပ်ကို ငေးမောနေလေသည်။ စိုးသူကတော့ ဖေဖေ့စကားများကိုစဉ်းစားနေမိသည်။ မိသားစုနှင့်ရပ်ရွာနိုင်ငံတို့ကို တိုးတက်ထွန်းကားစေသည့် အတတ်ပညာတို့ကို ရနိုင်သရွေ့ဆည်းပူးသင်ယူသင့်သည်ဟူသောအသိကို စိုးသူနားလည်လိုက်ပါတော့သည်။ ။

ဆိုရိုးစကား အလေးထား

# ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ



လူဆိုတာက တစ်ဦးတစ်ယောက်တည်းနေလို့မရပါဘူး။ လူ့အသိုင်းအဝိုင်းလူမှုနယ်ပယ်ထဲမှာ ကျင်လည်နေကြရတာပါ။ လူ့အသိုင်းအဝိုင်းထဲမှာ တစ်ဦးနဲ့တစ်ဦးဆုံရ၊ ကြုံရတယ်။ ဆုံရင်း၊ ကြုံရင်းက မျက်မှန်းတန်းမိလာတယ်။ မျက်မှန်းတန်းမိရာကနေ စကားစမြည်ပြောရဆိုရတယ်။ ပြောရင်းဆိုရင်းက ရင်းနှီးကျွမ်းဝင်လာတယ်။ ရင်းနှီးကျွမ်းဝင်လာတော့ ပြောမနာဆိုမနာဖြစ်လာတယ်။ ပေါင်းသင်းဆက်ဆံတဲ့အခါ ပွင့်လင်းလာတယ်။ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး၊ ကျွမ်းကျွမ်းဝင်ဝင် ပေါင်းသင်းဆက်ဆံရင်းက သူ့အကြိုက်သူ့စရိုက်ကို ကိုယ်ကသိလာသလို ကိုယ့်အကြိုက်ကိုယ့်စရိုက်ကိုလည်း သူကသိသွားတာပါပဲ။

ပေါင်းသင်းဆက်ဆံရေးနယ်ပယ်ထဲမှာရှိနေတဲ့ တစ်ဦးနဲ့တစ်ဦးကမတူဘူး။ လူအမျိုးမျိုး စိတ်အဖုံဖုံ သူ့အကြိုက်သူ့စရိုက်နဲ့သူ၊ ကိုယ့်အကြိုက်ကိုယ့်စရိုက်နဲ့ကိုယ်နေကြတာပါ။ အကြိုက်ချင်း၊ စရိုက်ချင်း မတူကြပါဘူး။ ဒါပေမဲ့ တူတာလည်းရှိတယ်။ သူ့အကြိုက်သူ့စရိုက်နဲ့ ကိုယ့်အကြိုက် ကိုယ့်စရိုက်မတူလို့ မပေါင်းသင်းဘဲ မဆက်ဆံဘဲနေလို့မရဘူး။ အကြိုက်ချင်း၊ စရိုက်ချင်းတူလည်း ပေါင်းသင်းဆက်ဆံရမှာပဲ။ မတူလည်း ပေါင်းသင်းဆက်ဆံရမှာပဲ။ ပေါင်းသင်းဆက်ဆံတဲ့အခါမှာတော့ သူ့အကြိုက်သူ့စရိုက်ကို ကိုယ်ကတန်ဖိုးထားလေးစားဖို့လိုသလို ကိုယ့်အကြိုက် ကိုယ့်စရိုက်ကိုလည်း တစ်ဖက်သားက တန်ဖိုးထားလေးစားဖို့လိုပါတယ်။

ပေါင်းသင်းဆက်ဆံရတဲ့လူမှုနယ်ပယ်ထဲမှာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်တန်ဖိုးထားလေးစားတာကယဉ်ကျေးမှုတစ်ခုပါ။ အင်မတန်အရေးကြီးပါတယ်။ အပြန်အလှန်တန်ဖိုးထားလေးစားနေမှ ရေရှည်ပေါင်းသင်းဆက်ဆံလို့ရမှာပေါ့။ တကယ်တော့ ပေါင်းသင်းဆက်ဆံရေးလူမှုနယ်ပယ်ထဲမှာ ကျင်လည်နေကြရတဲ့လူတွေက သာမန်ပုထုဇဉ်တွေပါ။ အရိယာသူတော်စင်တွေမဟုတ်ကြပါဘူး။

အရိယာမဟုတ်သေးတဲ့ ပုထုဇဉ်တွေဆိုတော့ စိတ်ခံစားချက်ရှိတာပေါ့။ တစ်ဖက်သားရဲ့အပြောအဆို အပြုအမူကို ခံစားရတာနှစ်သက်ရင် စိတ်ထဲမှာ ကျေနပ်တယ်၊ သဘောကျတယ်။ အဲဒီတစ်ဖက်သားကို ပိုပြီးတော့ခင်မင်နေတော့တာပဲ။ တစ်ဖက်သားရဲ့ အပြောအဆို အပြုအမူကို ခံစားရတာမနှစ်မြို့ရင်တော့ စိတ်ထဲမှာမကျေနပ်ဘူး။ သဘောမကျဘူး။ အဲဒီတစ်ဖက်သားကိုလည်း စိတ်ကွက်သွားတယ်။ စိတ်ကွက်သွားတာကတော့ စိတ်ထဲမှာ နှင့်ခနဲဖြစ်သွားလို့ပါပဲ။ စိတ်ထဲမှာ နှင့်ခနဲဖြစ်သွားတာနဲ့တစ်ပြိုင်နက် မူလရှိရင်းစွဲခင်မင်တာတွေ၊ ရင်းနှီးကျွမ်းဝင်တာတွေ၊ သံယောဇဉ်တွေကလည်း အရင်လိုမဟုတ်တော့ဘူး။ တစ်မုဟုတ်ချင်း လျော့ပါးသွားတယ်။ ဒီတော့ ခင်မင်တာတွေ၊ ရင်းနှီးကျွမ်းဝင်တာတွေ၊ သံယောဇဉ်တွေ ပျက်ပြယ်သွားတာပေါ့။ ဒီလိုဖြစ်ရတာက သဘောထားမကြီးနိုင်ဘဲ သည်းမခံနိုင်တော့လို့ပါပဲ။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ သဘောထားကြီးပြီး သည်းခံနိုင်ဖို့ကအရေးကြီးပါတယ်။ သဘောထားကြီးပြီး သည်းခံနိုင်ရင် ခွင့်လွှတ်တယ်။ ခွင့်လွှတ်နိုင်ရင် ပြဿနာကြီးငယ် မဖြစ်ပွားတော့ဘူး။ ခွင့်မလွှတ်နိုင်ရင်တော့ ပြဿနာကြီးငယ်ဖြစ်ပွားပြီး အချင်းများမှာပဲ။ အချင်းများတော့ အမုန်းပွားတာပေါ့။

အမုန်းပွားတယ်ဆိုတာက မနှစ်မြို့စရာတွေ ပွားပြီးများလာတာပဲ။ မနှစ်မြို့စရာကို ဘယ်သူမှမနှစ်သက်ဘူး။ ရွံရှာတယ်။ မုန်းတီးတယ်။ မုန်းတီးတယ်ဆိုတာကမကောင်းပါဘူး။ ချစ်ခင်တယ်ဆိုတာက ကောင်းပါတယ်။ ချစ်ခင်တာက ရန်မရှိဘူး။ မုန်းတီးတာက ရန်ရှိတယ်။ မုန်းတီးတယ်ဆိုတာက ရန်စပျိုးတာပါပဲ။ ရန်စပျိုးတာက ရန်လိုနေလို့ပဲ။ ရန်လိုတော့ ရန်ပိုလာတာပေါ့။ ရန်ပိုတော့ရန်ဖြစ်ရော။ ရန်ဖြစ်တော့ ရန်ဖြစ်သူတွေနစ်နာတယ်၊ ပျက်စီးတယ်၊ ဆုံးရှုံးတယ်။ ချစ်ခင်တယ်ဆိုတာက ရန်မလိုဘူး။ ရန်မလိုတော့ ရန်ပြိုတယ်။ ရန်ပြိုတာက ရန်စတုံးသွားတာပါပဲ။ ရန်စတုံးတော့ ရန်မီးငြိမ်းတယ်။

ရန်မီးငြိမ်းတော့ ရန်မဖြစ်တော့ဘူး။ ရန်မဖြစ်တော့ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ပေါင်းသင်းဆက်ဆံတယ်။ ထောက်ထားငဲ့ညှာကိုယ်ချင်းစာတယ်။ သူ့အရေးကိုယ့်အရေးလို ခွဲခြားမနေတော့ဘူး။ သူ့အရေးကလည်း ကိုယ့်အရေးပဲ။ ကိုယ့်အရေးကလည်းသူ့အရေးပဲ။ ဒီတော့ တစ်ဦးမှာအရေးကြုံလာရင် အားလုံးကပူးပေါင်းပြီး ဝိုင်းဝန်းကူညီကြတယ်။ ရိုင်းပင်းစောင့်ရှောက်ကြတယ်။ တစ်ဦးနဲ့တစ်ဦးကလည်း ကောင်းကျိုးချမ်းသာကိုပဲလိုလားကြတယ်။ နစ်နာမှာ၊ ပျက်စီးဆုံးရှုံးမှာကို မလိုလားကြဘူး။ ဒီတော့ တစ်ဖက်သားကို ကောင်းကျိုးချမ်းသာဖြစ်အောင် ပြောဆိုလုပ်ကိုင်ဆောင်ရွက်ပေးကြတယ်။ တစ်ဖက်သားကို နစ်နာအောင်၊ ပျက်စီးဆုံးရှုံးအောင် မလုပ်ကြပါဘူး။

ချစ်စကိုရှည်စေရမယ်။ မုန်းစကိုတိုစေရမယ်။ ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေဆိုတာက“တစ်ဦးနဲ့တစ်ဦးချစ်ခင်မှုကို အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲစေရမည်၊ မုန်းမာန်ပွားခြင်းကို ခဏတာအတွင်းမှာပင် ကျေအေးပျောက်စေရမည်၊ အာဃာတရန်ငြိုးမထားရဘူး”လို့ဆိုလိုတာပါပဲ။

ချစ်စရှည်တာနဲ့အမျှ မုန်းစတွေက တစ်စတစ်စနဲ့ အလိုလိုပျက်ပြယ်ပြီး ပျောက်ကွယ်သွားမှာပါပဲ။ မုန်းစတွေချုပ်ငြိမ်းပျက်ပြယ် ပျောက်ကွယ်သွားတာနဲ့ ချစ်စတွေရှည်လျားလာမှာပဲ။ ချစ်စတွေရှည်လျားနေမှ လူ့အဖွဲ့အစည်းကြီးက ငြိမ်းချမ်းသာယာနေမယ်။ ဒီတော့ ငြိမ်းချမ်းသာယာနေတဲ့ လူမှုအဖွဲ့အစည်းကြီးဖြစ်ဖို့က ချစ်စကိုရှည်စေပြီး မုန်းစကိုတော့တိုစေရမှာပေါ့။

လူအချင်းချင်းပေါင်းသင်းဆက်ဆံကြတဲ့အခါမှာ ထောက်ထားငဲ့ညှာစာနာစိတ်မွေးရမယ်။ ချစ်စရှည်အောင် ပြောဆိုပြုမူနေထိုင်ဆက်ဆံရမယ်။ အမုန်းပွားစေတဲ့အပြောအဆို၊ အပြုအမူ၊ အနေအထိုင်ကို ရှောင်ကြဉ်ကြရမယ်။ ဒါဆိုရင် ချစ်စရှည်ပြီး မုန်းစတိုမယ်။ ချစ်စရှည်ပြီး မုန်းစတိုမယ့်အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များကို အခုလိုအရွယ်ငယ်စဉ်ကတည်းက မွေးမြူလေ့ကျင့်နေကြရမှာဖြစ်ပါတယ်။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် မတ် ၁၅

နိုင်ငံတော်မှ ချီးမြှင့်သည့် အဘိဓဇမဟာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိခဲ့ကြသည့် ဆရာတော်သုံးပါးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ပုသိမ်မြို့ ပဋ္ဌိမာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တခေမိန္ဒထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရရှိခဲ့ကြသည့် ဆရာတော်များ၏ထေရုပ္ပတ္တိကို ဖတ်ကြားကာ ဂုဏ်ပြုလျှောက်ထားလွှာများ ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိကြသည့်မြစ်ကြီးနားမြို့ ခေမာသီဝံပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာ ဘိဝံသနှင့်ပုသိမ်မြို့ ပဋ္ဌိမာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာရာဘိဝံသတို့အား အလှူရှင်များနှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ခေမာသီဝံပရိယတ္တိစာသင်တိုက် ဆရာတော် ထံမှ ရေစက်ချတရားနာယူကြသည်။

ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသည့် ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲကို ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ်ဖွားများစုပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်မိသားစုမှ တစ်ပါးလျှင် ငွေကျပ် ၂၅ သိန်း၊ ရမ်းဗြဲမြို့နယ်အသင်းမှ တစ်ပါးလျှင် ငွေကျပ် ၅ သိန်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ချီးမြှင့်ငွေပေးအပ်

နေပြည်တော် မတ် ၁၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးများက သတ်မှတ်နေရာအသီးသီးမှ Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကျောင်းသား/ကျောင်းသူ ၃၁၇ ဦး ဝင်ရောက်ဖြေဆိုမည် ဖြစ်ကြောင်း၊ အဆိုပါဝင်ရောက်ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများအနက် နေပြည်တော်စာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုမည့် ၂၅ ဦးကို မတ်လ ၁၄ ရက်တွင် အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၊ စက်ရုံ/အလုပ်ရုံ၊ စိုက်ကွင်း/စိုက်ခြံ၊ စက်မှုသင်တန်းကျောင်းတို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့်ကျောင်းသား/ကျောင်းသူများကိုလည်း အာဟာရဖြည့်စွက်စာများနှင့်ချီးမြှင့်ငွေများကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း ဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူတို့၏လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ရှိဝန်ထမ်းသားသမီးများအနက် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူ ကိုးဦးအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ရှိ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့်ကျောင်းသား/ကျောင်းသူ ခုနစ်ဦးအတွက်ချီးမြှင့်ငွေများကို စက်ရုံမှူးကလည်းကောင်း ပေးအပ်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းလုပ်ငန်းများဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် သံရည်ကျိုလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များကိုမှာကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်နိုင်မည့်စီမံချက်များ၊ အချိန်ဇယားများရေးဆွဲထားရှိရန်၊ သံရည်ကျိုလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများကို ကြိုတင်ဝယ်ယူဖြည့်တင်းထားရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်စက်ရုံမှူးများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ သံရည်ကျိုလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ စုဆောင်းထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပမည့် မြန်မာသံတမန်များအတွက် ဒုတိယအကြိမ် အထူးသံတမန်သင်တန်းတက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှကိုယ်စားလှယ် ၃၀ အိန္ဒိယနိုင်ငံသို့ထွက်ခွာ

နေပြည်တော် မတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အုပ်ချုပ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းအောင်ကျော် ဦးစီးသည့် အငယ်တန်း၊ အရာထမ်း ၃၀ သည် SSIFS တွင် မတ်လ ၁၇ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်မည့် မြန်မာသံတမန်များအတွက် ဒုတိယအကြိမ်အထူးသံတမန်သင်တန်းသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါသင်တန်းအား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန Sushma Swaraj Institute of Foreign Service-SSIFS တို့အကြား လက်မှတ်ရေးထိုးထားသော ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)အရ ဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းတွင် ပထဝီနိုင်ငံရေး၊ အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာသံတမန်ငယ်များအား သံတမန်ရေးရာစွမ်းရည်များကို မြှင့်တင်ရန်နှင့် အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ လေ့လာခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ထူးခြားသည့်နေ့အပူချိန်များ

၁၅-၃-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# လျှစ်လျူရှုခံ ကျောက်သားပျက်သီး (Gac Fruit) သို့မဟုတ် ကောင်းကင်ဘုံမှ နတ်သစ်သီး

**စိုးဝင်း(BPEI YAU)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး သီးနှံမျိုးစုံပေါက်ရောက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေသဘာဝကို ပိုင်ဆိုင်ထားရှိသည်။ နိုင်ငံ၏စီးပွားဖြစ်သီးနှံအဖြစ် သီးနှံ (၁၀) မျိုးကို သတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ သီးနှံစုံပေါက်ရောက်ဖြစ်ထွန်းနေသည့် နိုင်ငံတွင် အချို့သော သီးနှံများမှာ အသုံးပြုမှုနည်းခြင်း၊ အသုံးပြုရန် မေ့လျော့နေကြခြင်း စသည်တို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု မပြုလုပ်သေးသည့် သီးနှံများစွာရှိနေသည်။ ၎င်းတို့အနက် ယခုရေးသားတင်ပြမည့် သီးနှံဖြစ်သော ကျောက်သားပျက်သီးလည်း တစ်ခုအပါအဝင်ဖြစ်သည်။


ကျောက်သားပျက်သီး (Gac Fruit) သည် ကြက်ဟင်းခါးမျိုးနွယ်၊ ဘူး၊ ဖရုံ၊ သခွားများပါဝင်သည့် အပင်မျိုးနွယ် (Cucurbita) အုပ်စုဝင်တစ်ခုဖြစ်သည်။ ၎င်းသည် ကြက်ဟင်းခါးမျိုးများနှင့် မျိုးရင်း (Momordica) တူညီပြီး မျိုးစိတ်သာကွဲပြားခြားနားသည်။ အင်္ဂလိပ်အမည်အားဖြင့် GAC fruit ဟုခေါ်ပြီး နိုင်ငံဒေသအလိုက် အခေါ်အဝေါ်ကွဲပြားမှုများရှိသည်။ ကျောက်သားပျက်သီး၏ သိပ္ပံအမည်မှာ Momordica cochinchinensis Spreng ဖြစ်သည်။


ကျောက်သားပျက်၏ မူရင်းဒေသမှာ အရှေ့တောင်အာရှဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံစသည်တို့တွင် သဘာဝအတိုင်း ပေါက်ရောက်ပြီး ယခုကာလတွင်ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ မြန်မာနိုင်ငံတွင် သာစည်မြို့နယ်လှိုင်းတက်ကျေးရွာ၊ ကူမဲမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ကျေးရွာများတွင် သဘာဝအတိုင်း အရိုင်းပေါက်ရောက်နေသည်ကို လေ့လာတွေ့ရှိရသည်။ ယခုထိ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသေးပါ။

ကျောက်သားပျက်သီးအပင်သည် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါး စသည်တို့နည်းတူ တစ်နှစ်ခံနွယ်ပင် အမျိုးအစားဖြစ်ပြီး ထိုင်းနိုင်ငံတွင် နှစ်ရှည်ပင်အဖြစ်လည်း စိုက်ပျိုးကြသည်။ ဘူး၊ ဖရုံအုပ်စုဝင်အပင်ဖြစ်သော်လည်း ကျန်သောဘူးမျိုးနွယ်အပင်မျိုးများနှင့်မတူညီဘဲ အဓိကခြားနားချက်မှာ အဖိုပင် အမပင်သီးခြားရှိသော အပင်မျိုးဖြစ်သည်။ ပင်စည်သည် စပျစ်ကဲ့သို့ သစ်မာပါသော ပင်စည်အမျိုးအစားဖြစ်ပြီး ပင်ပိုင်းမျိုးပွားနိုင်သည့် အဓိကအချက်ဖြစ်သည်။ အမြစ်သည် ရေသောက်မြစ်မကြီးအပြင် ပီလောပီနံကဲ့သို့ အစာသိုလှောင်မြစ် (tuberous roots)အဖြစ် ဖွံ့စည်းတည်ရှိပြီး rhizomes ကဲ့သို့ တည်ရှိနေသည်။ ထိုအချက်က ကျောက်သားပျက်ပင်ကို နှစ်ရှည်အဖြစ် စိုက်ပျိုးနိုင်သည့် စွမ်းရည်ကိုရရှိစေသည်။ သဘာဝအတိုင်း ပေါက်ရောက်နေသည့် ကျောက်သားပျက်သီးပင်များတွင် နွေရာသီကဲ့သို့ ပူပြင်းခြောက်သွေ့ချိန်တွင် အရွက်များ ပင်စည်များ ညှိုးကျသွားပြီး မိုးဦးကျအချိန်တွင် မြေအောက်ရှိ ကျန်ရှိနေသောအမြစ် rhizomes အစိတ်အပိုင်းမှ အတိုင်းပင် အညွန့်သစ်ထွက်ကာ အပင်အဖြစ် ကြီးထွားလာကြသည်။ ဤကဲ့သို့သော ဖြစ်ပေါ်မှုသည် ကျီးအာသီးပင်နှင့်ဆင်တူသည်ကိုလည်းတွေ့ရှိရသည်။ကျောက်သားပျက်သီး၏အရွက်မှာ ရွက်ခွပါသော ရိုးရိုးအရွက်အမျိုးအစားဖြစ်ပြီး ပင်စည်၊ အကိုင်းတို့မှ ရွက်လွှဲပုံစံထွက်ရှိသည်။ စိုက်ပျိုးသည့် မျိုးပေါ် မူတည်၍ ရွက်ခွသုံးခုမှ ငါးခု အထိပါရှိသည်။ ပန်းပွင့်မှာ အဖိုပွင့်၊ အမပွင့်သီးခြားရှိသည်။ ပန်းပွင့်ပြီး သန္ဓေအောင်ပြီးသည်မှနှစ်လမှသုံးလတွင် ရင့်မှည့်သည်။ အသီးစတင်တည်ချိန်မှ ရင့်မှည့်သည်အထိကြာမည့်အချိန်မှာ မျိုးအပေါ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ရာသီဥတုပေါ်တွင်လည်းကောင်းမူတည်သည်။ အဝေးတင်ပို့မည်ဆိုပါက အသီးအဝါရောင်မှ အညှာထိပ်ပိုင်း လိမ္မော်ရောင်ပြောင်းချိန်တွင် ခူးဆွတ်နိုင်ပြီး ခူးပြီးချက်ချင်း အသုံးပြုမည်ဆိုပါက အသီးအနီရောင်ဖြစ်မှခူးဆွတ်ခြင်းသည် အာဟာရပါဝင်မှုအများဆုံးရရှိစေနိုင်သည်။ အမပင်မှ တစ်ပင်ပါ အမပွင့်အရေအတွက် ၇၀ နှင့် အထက်ထွက်ရှိသည်။ အဖိုပင်သည် အမပင်ထက် ပန်းပွင့်ပိုများသည်။ အခြားသောဘူး၊ ဖရုံများကဲ့သို့ပင် နံနက်ပိုင်းတွင် ပန်းပွင့်ပြီး ဝတ်မှုန်ကူးခြင်းကိုဖြစ်ပေါ်စေသည်။ အသီးမှာ ဆူးပါသောအသီးဖြစ်ပြီး ငယ်စဉ်တွင် အစိမ်းရောင်ရှိ၍ ရင့်မှည့်လာသည့်အခါ အဝါရောင်၊ လိမ္မော်ရောင်မှအနီရောင်သို့ပြောင်းလဲသွားသည်။ အသီးအရွယ်အစားမှာ ကျွဲကောသီအလတ်စားအရွယ်ရှိသည်။ အဝိုင်းအတာအားဖြင့် လုံးပတ် ၆ လက်မအရွယ်ရှိသည်။ အသီး၏ ရုပ်သွင်ပြင်အရ အဝိုင်းသုံးပိုင်းပါဝင်သည်။ အခွံ၊ အသား၊ အစေ့အနှစ်ဟူ၍ ပုံတွင်ပြထားသည့် အကူပြုနိုင်သည့် အပင်ဇီဝဓာတ်ပေါင်းများစွာပါဝင်နေသောကြောင့်ဖြစ်သည်။ အဓိကအသုံးပြုသည့် အစိတ်အပိုင်းမှာ အစေ့နှင့် ကပ်နေသော အနီရောင်အနှစ်ဖြစ်သည်။ ယခုအခါ အစေ့နှင့်ကပ်လျက် အနီရောင်အနှစ်သာမက အသားနှင့်အခွံကိုပါ အသုံးပြုလာကြသည်။




ထိုင်းနိုင်ငံတွင် စီးပွားဖြစ်စိုက်ပျိုးထားသည့် ကျောက်သားပျက်သီးပင်စိုက်ခင်းကိုတွေ့ရစဉ်။






ကျောက်သားပျက်သီး၏အရွက်၊ အပွင့်အသီးကင်း၊ အသီးမှည့်၊ အသီးဖျော်ရည်နှင့် ကျောက်သားပျက်သီးတွင်ပါဝင်သော အသီးအစိတ်အပိုင်းများ၊ (က) အသီးတစ်လုံးလုံးပုံ၊ (ခ) အသီးဖြတ်ပိုင်းပုံကိုတွေ့ရစဉ်။




ကျောက်သားပျက်သီး၏အာဟာရဓာတ်တန်ဖိုးပါဝင်မှုပမာဏအား အခြားအသီးအနှံများနှင့်နှိုင်းယှဉ်ထားခြင်းကိုတွေ့ရစဉ်။

ကျောက်သားပျက်သီးကို ကောင်းကင်ဘုံမှ နတ်သစ်သီးဟု တင်စားခေါ်ဝေါ်ရခြင်းမှာ ဤအသီးတွင် လူတို့အတွက် အသုံးဝင်သည့် ကျန်းမာရေးကို အထောက်အကူပြုနိုင်သည့် ဓာတ်ပစ္စည်းများ ပါဝင်သည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။ ကျောက်သားပျက်သီးတွင် ဗီတာမင်အေ၊ ဗီတာမင်စီ၊ ဗီတာမင်အီ၊ ဖိုလိတ်၊ ဖိုလစ်အက်ဆစ်၊ ဖိုလိတ်အက်ဆစ်၊ ဖိုလိတ်အက်ဆစ်၊ ဖိုလိတ

◆ **စာမျက်နှာ ၁၃ မှအဆက်**

ရောင်းချလျက်ရှိနေကြပြီဖြစ်သည်။ အာဟာရဓာတ်တန်ဖိုး မြင့်မားစွာပါဝင်သည့် ဤအသီးကို အချို့နိုင်ငံများတွင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်လာကြသကဲ့သို့ ဤအသီးနှင့်ပတ်သက်သည့် သုတေသနများလုပ်ဆောင်လာကြကာ စိုက်ပျိုးထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေကြပြီဖြစ်သည်။

ကျောက်သားပျက်သီးပင်သည်အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပူပိုင်းသီးနှံပင်ဖြစ်ပြီး စိုက်ပျိုးရန်အကောင်းဆုံးအပူချိန်မှာ ၂၅ မှ ၃၅ စင်တီဂရိတ်ဖြစ်သည်။ အပူချိန်နိမ့်လွန်းမြင့်လွန်းပါက အပင်ဖြစ်ထွန်းမှုကို ထိခိုက်စေနိုင်သည်။ ဆီးနှင်းကျခြင်းသည် ကျောက်သားပျက်ပင်ကို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက်နှင်းကျမှုရှိသည့် ဒေသများတွင် စိုက်ပျိုးရန်မသင့်တော်ပါ။ စိုက်ပျိုးမည့်နေရာသည်နေရောင်ခြည်ကောင်းစွာရရှိရမည်ဖြစ်ပြီး အရိပ်ကျခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိပါ။ နေရောင်ခြည် တစ်နေ့ ၆-၈နာရီထိရရှိမှုသည် အပင်ကြီးထွားမှု အကောင်းဆုံးကိုရရှိစေသည်။ ထို့ကြောင့် စိုက်ပျိုးရာတွင် နေရောင်ခြည် ကောင်းစွာရရှိစေရန် စင်တင်၍ စိုက်ပျိုးသင့်သည်။ ကျောက်သားပျက်သီးပင်ကို မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း မြေချဉ်ငန်အညွှန်းကိန်း ၆-၇ ဒသမ ၅ ရှိသည့် ရေစီးဆင်းမှုကောင်းသည့်မြေမျိုးတွင် အကောင်းဆုံးစိုက်ပျိုးဖြစ်ထွန်းသည်။ အော်ဂဲနစ်ပစ္စည်းထက်သန်သော မြေမျိုးကို ပို၍နှစ်သက်သည်။ မိုးရေချိန်အနေဖြင့် ၁၅၀၀မှ၂၅၀၀ မီလီမီတာ ရွာသွန်းသည့်အနေအထားတွင် အသင့်တော်ဆုံးဖြစ်ပြီး တစ်နှစ် မိုးရေချိန် ၁၀၀၀-၃၀၀၀ မီလီမီတာရသည့် ဒေသများတွင်ကောင်းစွာစိုက်ပျိုးနိုင်သည်။ ရေလိုအပ်မှုများသည့်သီးနှံဖြစ်ပြီး ခြောက်သွေ့ရာသီတွင် စိုက်ခင်းကိုရေလောင်းပေးရန်လိုအပ်သည်။ သို့ရာတွင် ရေဝပ်ခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိသဖြင့် ရေမများစေရန် ဂရုပြုသင့်သည်။ ရေများပါက အမြစ်ပုပ်ပြီး အပင်သေခြင်းကို ဖြစ်စေနိုင်သည့်အတွက် ကြောင့်ဖြစ်သည်။ စိုထိုင်းဆလိုအပ်ချက် အနေဖြင့် အပင်ပတ်ဝန်းကျင်တွင် ၆၀-၈၀ ရာခိုင်နှုန်းသည် အပင်ကျန်းမာသန်စွမ်းကြီးထွားရန်အတွက် အကောင်းဆုံးအနေအထားဖြစ်သည်။ ကျောက်သားပျက်သီးပင်သည် ၁၀၀၀ အထိမြင့်သည့် ဒေသများအထိ စိုက်ပျိုးနိုင်သည်။ အထက်ဖော်ပြထားသည့် စိုက်ပျိုးရန် လိုအပ်ချက်များရှိသော်လည်း ကျောက်သားပျက်သီးပင်သည် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါး စသည်တို့နှင့် အပင်မျိုးစိတ်တူပြီး စိုက်ပျိုးရှင်သန်ပုံပါတူညီသည့်အတွက် အလွယ်တွေးလျှင် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါးစိုက်ပျိုးနိုင်သည့် ဒေသနေရာတိုင်းတွင် ဤကျောက်သားပျက်သီးပင်ကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက သတိထားရမည့် အချက်တစ်ချက်ရှိသည်။ ကျောက်သားပျက်ပင်သည် အဖိုပင် အမပင်သီးခြားရှိသည့် နှစ်ပင်ပေါင်းလိုင်စုံ အမျိုးအစားဖြစ်သည့်အတွက် ထိုအချက်သည်စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာတွင် ထားရှိစိုက်ပျိုးရမည့် အဖိုပင်နှင့် အမပင်အချိုးကိုသိရှိရန်မှာ အဓိကထားရမည့်အချက်ဖြစ်သည်။ စီးပွားဖြစ်စိုက်ပျိုးမည့် စိုက်ခင်းအတွက် အဖိုပင်နှင့် အမပင် အချိုးမှာ ၁:၁၀ ရှိလျှင် လုံလောက်သော်လည်း စိုက်ပျိုးသည့်အခါ အဖိုပင်များပိုများနေသည်ကို ကြုံတွေ့ရသည့်အတွက် နောက်ပိုင်းတွင် ကျန်သည့်ဘူး၊ ဖရုံ၊ သခွား အပင်များကဲ့သို့ ပင်တည်းလိင်စုံရရှိလာစေရန် မျိုးစပ်မွေးမြူခြင်းများ စတင်လုပ်ကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမည်ဆိုပါက ဘူးစိုက်သကဲ့သို့ သင့်တော်ရာအကွာအဝေးထား၍ စိုက်ပျိုးနိုင်သည်။

သီးနှံတစ်ခုကို တောင်သူများ စိုက်ပျိုးလာစေရန်အားပေးသည့်အဓိကအချက်မှာ တစ်ပင် ၃-၄ မီတာခြား၍ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမည်ဆိုပါက ဘူးစိုက်သကဲ့သို့ သင့်တော်ရာအကွာအဝေးထား၍ စိုက်ပျိုးနိုင်သည်။



ကျောက်သားပျက်သီးအား အာဟာရတန်ဖိုးပါဝင်မှုကို လွှမ်းမိုးသည့် အချက်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ အပါအဝင် ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရာတွင် လုပ်ဆောင်ရမည့်အချက်များ စသည်တို့ကို သုတေသနများလုပ်ဆောင်လာကြကာ စိုက်ပျိုးထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေကြပြီဖြစ်သည်။

ကျောက်သားပျက်သီးပင်သည်အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အပူပိုင်းသီးနှံပင်ဖြစ်ပြီး စိုက်ပျိုးရန်အကောင်းဆုံးအပူချိန်မှာ ၂၅ မှ ၃၅ စင်တီဂရိတ်ဖြစ်သည်။ အပူချိန်နိမ့်လွန်းမြင့်လွန်းပါက အပင်ဖြစ်ထွန်းမှုကို ထိခိုက်စေနိုင်သည်။ ဆီးနှင်းကျခြင်းသည် ကျောက်သားပျက်ပင်ကို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက်နှင်းကျမှုရှိသည့် ဒေသများတွင် စိုက်ပျိုးရန်မသင့်တော်ပါ။ စိုက်ပျိုးမည့်နေရာသည်နေရောင်ခြည်ကောင်းစွာရရှိရမည်ဖြစ်ပြီး အရိပ်ကျခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိပါ။ နေရောင်ခြည် တစ်နေ့ ၆-၈နာရီထိရရှိမှုသည် အပင်ကြီးထွားမှု အကောင်းဆုံးကိုရရှိစေသည်။ ထို့ကြောင့် စိုက်ပျိုးရာတွင် နေရောင်ခြည် ကောင်းစွာရရှိစေရန် စင်တင်၍ စိုက်ပျိုးသင့်သည်။ ကျောက်သားပျက်သီးပင်ကို မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း မြေချဉ်ငန်အညွှန်းကိန်း ၆-၇ ဒသမ ၅ ရှိသည့် ရေစီးဆင်းမှုကောင်းသည့်မြေမျိုးတွင် အကောင်းဆုံးစိုက်ပျိုးဖြစ်ထွန်းသည်။ အော်ဂဲနစ်ပစ္စည်းထက်သန်သော မြေမျိုးကို ပို၍နှစ်သက်သည်။ မိုးရေချိန်အနေဖြင့် ၁၅၀၀မှ၂၅၀၀ မီလီမီတာ ရွာသွန်းသည့်အနေအထားတွင် အသင့်တော်ဆုံးဖြစ်ပြီး တစ်နှစ် မိုးရေချိန် ၁၀၀၀-၃၀၀၀ မီလီမီတာရသည့် ဒေသများတွင်ကောင်းစွာစိုက်ပျိုးနိုင်သည်။ ရေလိုအပ်မှုများသည့်သီးနှံဖြစ်ပြီး ခြောက်သွေ့ရာသီတွင် စိုက်ခင်းကိုရေလောင်းပေးရန်လိုအပ်သည်။ သို့ရာတွင် ရေဝပ်ခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိသဖြင့် ရေမများစေရန် ဂရုပြုသင့်သည်။ ရေများပါက အမြစ်ပုပ်ပြီး အပင်သေခြင်းကို ဖြစ်စေနိုင်သည့်အတွက် ကြောင့်ဖြစ်သည်။ စိုထိုင်းဆလိုအပ်ချက် အနေဖြင့် အပင်ပတ်ဝန်းကျင်တွင် ၆၀-၈၀ ရာခိုင်နှုန်းသည် အပင်ကျန်းမာသန်စွမ်းကြီးထွားရန်အတွက် အကောင်းဆုံးအနေအထားဖြစ်သည်။ ကျောက်သားပျက်သီးပင်သည် ၁၀၀၀ အထိမြင့်သည့် ဒေသများအထိ စိုက်ပျိုးနိုင်သည်။ အထက်ဖော်ပြထားသည့် စိုက်ပျိုးရန် လိုအပ်ချက်များရှိသော်လည်း ကျောက်သားပျက်သီးပင်သည် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါး စသည်တို့နှင့် အပင်မျိုးစိတ်တူပြီး စိုက်ပျိုးရှင်သန်ပုံပါတူညီသည့်အတွက် အလွယ်တွေးလျှင် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါးစိုက်ပျိုးနိုင်သည့် ဒေသနေရာတိုင်းတွင် ဤကျောက်သားပျက်သီးပင်ကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက သတိထားရမည့် အချက်တစ်ချက်ရှိသည်။ ကျောက်သားပျက်ပင်သည် အဖိုပင် အမပင်သီးခြားရှိသည့် နှစ်ပင်ပေါင်းလိုင်စုံ အမျိုးအစားဖြစ်သည့်အတွက် ထိုအချက်သည်စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာတွင် ထားရှိစိုက်ပျိုးရမည့် အဖိုပင်နှင့် အမပင်အချိုးကိုသိရှိရန်မှာ အဓိကထားရမည့်အချက်ဖြစ်သည်။ စီးပွားဖြစ်စိုက်ပျိုးမည့် စိုက်ခင်းအတွက် အဖိုပင်နှင့် အမပင် အချိုးမှာ ၁:၁၀ ရှိလျှင် လုံလောက်သော်လည်း စိုက်ပျိုးသည့်အခါ အဖိုပင်များပိုများနေသည်ကို ကြုံတွေ့ရသည့်အတွက် နောက်ပိုင်းတွင် ကျန်သည့်ဘူး၊ ဖရုံ၊ သခွားအပင်များကဲ့သို့ ပင်တည်းလိင်စုံရရှိလာစေရန် မျိုးစပ်မွေးမြူခြင်းများ စတင်လုပ်ကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမည်ဆိုပါက ဘူးစိုက်သကဲ့သို့ သင့်တော်ရာအကွာအဝေးထား၍ စိုက်ပျိုးနိုင်သည်။

သီးနှံတစ်ခုကို တောင်သူများ စိုက်ပျိုးလာစေရန်အားပေးသည့်အဓိကအချက်မှာ တစ်ပင် ၃-၄ မီတာခြား၍ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမည်ဆိုပါက ဘူးစိုက်သကဲ့သို့ သင့်တော်ရာအကွာအဝေးထား၍ စိုက်ပျိုးနိုင်သည်။



ကျောက်သားပျက်သီး၏ အသားနှင့် အစေ့အနှစ် ထုတ်ယူထားပုံကိုတွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံတွင် ကျောက်သားပျက်အနှစ်ကို ဆန်နှင့်ရောနယ်ကာ ချက်ပြုတ်စားသုံးပုံကိုတွေ့ရစဉ်။

ခိုင်မာသည့် ဈေးကွက်တည်ရှိခြင်းပင်ဖြစ်သည်။ ကိုင်းကျွန်းမီကျွန်းကိုင်းမီဆိုသကဲ့သို့ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သည့် နည်းပညာထွန်းကားပြီး MSME လုပ်ငန်းများအားကောင်းလာစေရန် အဆိုပါ ပြီး ဗီတာမင်အေဆေးတောင့် ထုတ်လုပ်ရောင်းချပါက လုပ်ငန်းပိုမိုကျယ်ပြန့်လာနိုင်သည့်အပြင် ဗီတာမင်အေဆေးတောင့်ကို လွယ်ကူစွာဝယ်ယူနိုင်မည်ဖြစ်သည့် နည်းတူ ဆေးဝါးလုပ်ငန်းအတွက် လိုအပ်သည့်ကုန်ကြမ်း ကျောက်သားပျက်သီးကို စီးပွားဖြစ် စိုက်ပျိုးလာနိုင်မည်ဖြစ်သည့် အတွက် မြေကြီးမှ ရွှေသီးလာစေမှာ အမှန်ပင်ဖြစ်သည်။ ထို့ပြင် စီးပွားဖြစ် စိုက်ပျိုး၍ ထွက်ရှိလာသည့် အသီးများကို ပြည်တွင်းတွင် ဖျော်ရည်လုပ်ငန်း၊ အလှကုန်လုပ်ငန်း စသည်တို့တွင် အသုံးပြုနိုင်သည့်အပြင် ဖော်ပြထားသည့် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ၏ MSME လုပ်ငန်းများပိုမိုဖွံ့ဖြိုးလာစေနိုင်သည်။ ထို့ပြင် ပြည်ပမှ ကျောက်သားပျက်သီးနှင့်ပတ်သက်သည့် အမှုန့်၊ အဆီ စသည့် ကုန်ကြမ်းဝယ်လိုအား မှာ မြင့်မားနေသည့်အနေအထားတွင်ရှိသည်။ သို့ရာတွင် ကျောက်သားပျက်သီးမှပါဝင်သော အာဟာရဓာတ်များမပျက်စီးဘဲ အမှုန့်နှင့် အဆီထုတ်နိုင်ရန် နည်းပညာအကူအညီ လိုအပ်နေသေးသည်။ မည်သို့ပင်ဖြစ်စေ ကျောက်သားပျက်သီးကို ပြည်တွင်းတွင်အသုံးပြုရုံသာမက ပြည်ပသို့ပါတင်ပို့နိုင်သည့် အခြေအနေတွင်ရှိနေသည့် အသီးဖြစ်သည်။

သို့ဖြစ်ပါသဖြင့် အာဟာရဓာတ်ကြွယ်ဝ၍ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်သည့် အာဟာရတန်ဖိုးမြင့်မားသည့် ကျောက်သားပျက်သီးကို စီးပွားဖြစ် စိုက်ပျိုးရန် လုပ်ဆောင်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




ကျောက်သားပျက်သီးအား အမျိုးမျိုးအသုံးပြုပုံ(အင်တာနက်မှပုံကိုကူးယူဖော်ပြထားခြင်းဖြစ်ပါသည်။)

# မြို့သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်ကြည့်ရှုစစ်ဆေး

လွိုင်ကော် မတ် ၁၅

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ပေါ် ရပ်ကွက်များအတွင်း သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်မှုနှင့် မြို့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ပေါ် ပြည်သူများ ပြန်လည်ဝင်ရောက်အခြေချနေထိုင်လျက်ရှိသည့် နောင်ယား(က)နှင့် နောင်ယား(ခ)ရပ်ကွက်များအတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုအား ကြည့်ရှုအားပေးသည်။ ထို့နောက် နောင်ယား(ခ)ရပ်ကွက်ရှိပြည်နယ်သစ်တောဦးစီးဌာနရုံး လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာနှင့် ပြည်နယ်ရုံးဧည့်ရိပ်သာပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အဆိုပါဝင်းအတွင်းရှိ ကန္ဒရဝတီသစ်တောပျိုးဥယျာဉ်၌ ယခုလာမည့်မိုးရာသီကာလတွင် စိုက်ပျိုးနိုင်ရန် ပြုစုပျိုးထောင်ထားသည့် ကျွန်း၊ မန်ကျန်ရှား၊ ဝါး၊ မဟော်ဂနီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေစသည့် ပျိုးပင် ၅၀၀၀၀ စိုက်ပျိုးထားမှုအား ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ယမန်နှစ်က ပျိုးထောင်ခဲ့သည့် ဝါးပျိုးပင်များ ပျက်စီးမှုမရှိစေရေး ပျိုးအိတ်အကြီးဖြင့် အသစ်လဲလှယ်ပေးရန်နှင့် ယခုနှစ် မိုးရာသီကာလတွင် စိုက်ပျိုးနိုင်သည့်နေရာအနှံ့ စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးသို့ ရောက်ရှိကာ ပြည်နယ်ဦးစီးမှူးရုံးနှင့် နှစ်ခန်းတွဲတစ်ထပ်ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ၊ မိုးလေဝသတိုင်းထွာရေးစခန်းရုံး ထိခိုက်ပျက်စီးခဲ့မှုများအား ကြည့်ရှုစစ်ဆေးပြီး တိုင်းထွာရေးစက်များအား သက်ဆိုင်ရာအင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်၍ အသုံးပြုနိုင်ရန်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် လွိုင်ကော်မြို့ပေါ် ရပ်ကွက်များသို့ အဓိကရေဖြန့်ဝေပေးလျက်ရှိသည့် မိုင်းလုံးရပ်ကွက်ရှိ စည်ပင်သာယာရေးအဖွဲ့အမှတ်(၁)ရေစက်ရုံသို့ရောက်ရှိကာ စက်ရုံအတွင်းရေမော်တာများ၊ မီးလိုင်းများ၊ ရေပိုက်လိုင်းများ တပ်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမ၊ လောဓမ္မ၊ အောင်သီဟနှင့် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်နေ ပြည်သူများရေလုံလောက်စွာအသုံးပြုနိုင်ရန်အတွက် ရေစုကန်များမှ ရေတင်စနစ်ဖြင့်ပေးဝေရန် ရေတင်စင်နှစ်ခုတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရေစစ်ကန်များလည်ပတ်မှု၊ ရေစုကန်များ ရေသိုလှောင်နိုင်မှု၊ ကြွံခိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ရေခွန်များကိုလည်း အပြည့်အဝကောက်ခံရရှိရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

လွိုင်ကော်မြို့ပေါ် ပြည်သူများရေလုံလောက်စွာအသုံးပြုနိုင်ရန်အတွက် ရေဖြန့်ဝေပေးမှုအနေဖြင့် ရေစက်ရုံခြောက်ရုံမှ နေ့စဉ်ရေဂါလန် ၁၀ သိန်းကျော်ဖြန့်ဝေပေးလျက်ရှိရာမှ ယခုဆောင်ရွက်လျက်ရှိသည့် ရေပေးရေးစက်ရုံများ ပြုပြင်တည်ဆောက်ပြီးပါက နေ့စဉ်ရေဂါလန် ၂၁ သိန်းကျော်ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သုတ(ပြန်/ဆက်)

# (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းဆုံမြို့နယ် ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း(စိန်မြတောင်အပိုင်း) ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကျင်းပ



ချောင်းဆုံ မတ် ၁၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ယနေ့ နံနက် ၁၀ နာရီတွင် ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း(စိန်မြတောင်အပိုင်း)ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မွန်တိုင်းရင်းသူများက မွန်ရိုးရာအကဖြင့်ဧည့်ခံဖျော်ဖြေကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း(စိန်မြတောင်အပိုင်း)ကတ္တရာလမ်းကို အသုံးပြု၍ ရွာလွတ်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၁၉ ရွာ၊ အိမ်ခြေပေါင်း ၈၆၃၀ အတွက် မော်လမြိုင်သို့ဆက်သွယ်သွားလာကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့်အပြင် ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်ရန်အတွက်မြေသားလမ်းမှကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က လမ်းဆိုင်ရာအချက်အလက်များ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ လမ်းဖွင့်ပွဲအထိမ်းအမှတ်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွာလွတ်-ကတောင်စိန် တောင်ဖြတ်လမ်း(စိန်မြတောင်အပိုင်း)ကတ္တရာလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကိုကျော်(ချောင်းဆုံ)




# မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းတွင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိ

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းတွင် နွေရာသီ အားကစားသင်တန်းများကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါ အခြေခံ နွေရာသီအားကစားသင်တန်းများကို အခြေခံပညာဦးစီးဌာနမှ ကြီးမှူး၍ အားကစားနည်းသုံးမျိုးဖြင့် ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ရာ အားကစားနည်းများအနေဖြင့် အေရိုးဗစ်၊ မြန်မာ့သိုင်း၊ အလေးမသင်တန်းတို့ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ဝါသနာပါရာ အားကစားနည်းကို ရွေးချယ်တက်ရောက်လျက်ရှိကြသည်။

နွေရာသီ အခြေခံအားကစားသင်တန်းတွင် အေရိုးဗစ်သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၃ ဦးက မတ်လ ၁၅ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ မြန်မာ့သိုင်း သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးနှင့် အလေးမ သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တို့က မတ်လ ၁၅ ရက်မှ ဧပြီလ ၁၀ ရက်အထိလည်းကောင်း တက်ရောက်သင်ယူကြရမည်ဖြစ်ကြောင်းသိရသည်။

သက်လွင်စိုး (ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် လမ်းညွှန်မှာကြားစဉ်။

**☆ ရှေ့ဖုံးမှအဆက်**

စွမ်းဆောင်နိုင်မှုအခြေအနေများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Asia World Port Terminal-AWPT ဆိပ်ကမ်းတံတားရှိ ၃ ထပ်ဆောင်ခန်းမသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍ နောက်ခံသမိုင်းအကျဉ်း၊ မူဝါဒများ၊ မြန်မာ့ဆိပ်ကမ်းများ၊ နှစ်အလိုက် ဆိပ်ကမ်းတံတားများ တိုးတက်လာမှု၊ ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်း ဧရိယာတို့ရှိဆိပ်ကမ်းတံတားများ၊ ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေအကျဉ်းချုပ်၊ ပြည်ပသို့ပင်လယ်ရေကြောင်းမှ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ခြင်း၊ ရန်ကုန်-ကော့သောင်း-ရနောင်းခရီးစဉ်ဖြင့် သွင်းကုန်/ပို့ကုန်ဆောင်ရွက်နိုင်မှု၊ Transshipment ဖြင့် ကုန်သွယ်မှုကိုမြှင့်တင်ခြင်း၊ ဘဏ္ဍာငွေရှာဖွေနိုင်မှုနှင့် သုံးစွဲမှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကုန်သွယ်မှုဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ စီးပွားရေးဦးတည်ချက် ၃ ရပ်တို့နှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ အထိ ကုန်သွယ်မှုအခြေအနေများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လအလိုက်ကုန်သွယ်မှုအခြေအနေများ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ ၁၂ ရက်အထိ ပို့ကုန်ဆိုင်ရာ ကုန်ပစ္စည်းအုပ်စု အလိုက် အမှန်တင်ပို့နိုင်မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ ၁၂ ရက်အထိ ပို့ကုန်အုပ်စုနှင့် ယခင်နှစ် အလားတူကာလ ပို့ကုန်အုပ်စု အလိုက်နှိုင်းယှဉ်ချက်၊ ပို့ကုန်အများဆုံး တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများနှင့် နိုင်ငံများ၊ ဆန်/ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် ဝါငွေမ်းတင်ပို့မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မတ်လ ၁၂ ရက်အထိ အုပ်စုအလိုက် သွင်းကုန်ဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် သွင်းကုန်အများဆုံးတင်သွင်းခဲ့ရသည့် ကုန်ပစ္စည်းများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိပ်ကမ်းလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ယခင်က မိမိတို့နိုင်ငံမှ ဆိပ်ကမ်းသည် အရှေ့တောင်အာရှတွင် ပို့ကုန်များ အဓိက တင်ပို့သည့် ဆိပ်ကမ်းတစ်ခု ဖြစ်ခဲ့ကြောင်း၊ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပို့ကုန်များတင်ပို့မှုလျော့နည်းလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများ၊ ကန့်သတ်ချက်များကိုကျော်လွှား၍ ပို့ကုန်များပိုမိုတင်ပို့နိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ **မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သဘော်များဆိုက်ကပ်ခွင့်ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌မျှ၍ ဆိုက်ကပ်ခွင့်ပေးရန်လို**ကြောင်း၊ **ဝင်ရောက်လာသည့် သဘော်အမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန်လို**ကြောင်း၊ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား စီမံကိန်းပြီးစီးသွားပါက ဖြစ်ပေါ်လာနိုင်မည့် သဘော်ဝင်/ထွက် ကန့်သတ်မှုများကို ကြိုတင်တွက်ဆပြင်ဆင်ထားရန်လိုကြောင်း။

ပို့ကုန်နှင့်ပတ်သက်၍ တင်ပြချက်များအရ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုတိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လိုကြောင်း၊ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် **စက်မှုစိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကိုလည်း တင်ပို့နိုင်ပြီး ထုတ်လုပ်မှုကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ **ဈေးကွက်ရှိပြီးဖြစ်သည့် ရော်ဘာနှင့် ကော်ဖီတို့ကဲ့သို့ ထုတ်ကုန်များကိုလည်း**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဆိပ်ကမ်းလုပ်ငန်းကဏ္ဍစွမ်းဆောင်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**❖ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် သဘော်များဆိုက်ကပ်ခွင့် ခွဲဝေပေးရာတွင် ဆိပ်ကမ်းများ၌မျှ၍ ဆိုက်ကပ်ခွင့်ပေးရန်လို၊ ဝင်ရောက်လာသည့် သဘော်အမျိုးအစားများအလိုက်၊ အရွယ်အစားအလိုက် ဆိပ်ကမ်းများတွင် ဆိုက်ကပ်ခွင့်အား စဉ်းစားဆောင်ရွက်ရန်လို. . .**

**❖ ပို့ကုန်နှင့်ပတ်သက်၍ တင်ပြချက်များအရ မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများရှိသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုတိုးမြှင့်၍ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်လို၊ ဈေးကွက်ရှိပြီးဖြစ်သည့် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန်လို၊ အဓိကအားဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သည့်ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန်လို. . .**

**❖ ဆီထွက်သီးနှံများကို ပိုမိုတိုးတက်အောင်ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း ပြည်ပမှစားသုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်. . .**

**❖ ပြောင်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြောင်းကုန်ကြမ်းများကို ကုန်ကြမ်းအစား တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန်လို. . .**

**❖ သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင်ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ နှစ်ဆတက်လာမည်ဖြစ်. . .**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

**အရည်အသွေးပြည့်မီစွာဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့သွားနိုင်ရန်လို**ကြောင်း၊ **ထုတ်လုပ်မှုတိုးမြှင့်ရန် စိုက်ကေများ တိုးချဲ့ဆောင်ရွက်သွားရန်လို**ကြောင်း။

ပို့ကုန်များတိုးမြှင့်ရရှိရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဖြစ်ကြောင်း။

ပြောင်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြောင်းကုန်ကြမ်းများကို ကုန်ကြမ်းအစား တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး အဆင့်ဆင့်ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး အထွက်နှုန်းကောင်းမွန်မှသာလျှင်ပြည်ပပို့ကုန်များလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကို ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း ပြည်ပမှစားသုံးဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည် တိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ **လုပ်ငန်းရှင်များအနေဖြင့် ပြောင်းစက်ရုံများတည်ဆောက်၍ ပြောင်းမှပြောင်းထုတ်ကုန် ကုန်ချောထုတ်လုပ်မှုများကိုလည်း အဆင့်အလိုက်ပြောင်းလဲဆောင်ရွက်သွားရန်လို**ကြောင်း။

ဆန်နှင့်ပတ်သက်၍ အရည်အသွေးပြည့်မီသည့်ဆန်များကို ကြိတ်ခွဲထုတ်လုပ်နိုင်ရန်လိုပြီး တန်ဖိုးမြင့်ပြီး အရည်အသွေးပြည့်မီသည့်ဆန်များကို တင်ပို့နိုင်ရမည်ဖြစ်ကြောင်း၊ သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ နှစ်ဆတက်လာမည်ဖြစ်ပြီး ကုန်ချောထုတ်ကုန်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုကို ကန့်သတ်ထားခြင်းမရှိသည့်အတွက် ပြည်ပသို့ လျင်မြန်ချောမွေ့စွာဖြင့်တင်ပို့နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်သွားရန်လို**ကြောင်း၊ ဆိပ်ကမ်းမှပို့ဆောင်သည့် မော်တော်ယာဉ်များ အချိန်မီထွက်ခွာနိုင်ရေးအတွက်လည်း လမ်းကြောင်းများကို စနစ်တကျတွက်ချက်ထားရန်လိုပြီး ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက်လည်းလိုအပ်သည်များ စီမံဆောင်ရွက်ထားရှိရန်လိုကြောင်း၊ **ဆိပ်ကမ်းများနှင့်ပတ်သက်၍ မျှမျှတတဖြစ်စေရေး စီမံဆောင်ရွက်ပေးသွားရန်လို**ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ငွေကြေးကဏ္ဍ၌ ခိုင်မာတောင့်တင်းသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံနှင့်ပြည်သူလူထု၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ၎င်းကိုအခြေခံသည့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း(Agro Base Industry) ကဏ္ဍတို့၌ ရင်းနှီးမြှုပ်နှံခြင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Asia World Port Terminal–AWPT ဆိပ်ကမ်းတံတားအတွင်း လှည့်လည်၍ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Asia World Port Terminal–AWPT ဆိပ်ကမ်း၌ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects port sector performance and trade activities



Senior General Min Aung Hlaing hears a report on import and export businesses and trade activities.

NAY PYI TAW March 15

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, SAC members, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief, the Yangon Command commander and officials, visited Asia World Port Terminal-AWPT in Ahlon Township, Yangon Region, this morning and inspected the degree of its performance and trade activities.



Senior General Min Aung Hlaing hears a report on functions of the port.

The Senior General and party arrived at the hall of a three-storey building of Asia World Port Terminal-AWPT and were welcomed by officials. Union Minister for Transport and Communications General Mya Tun Oo presented a report on the performance of port activities including, brief history of the port functions, brief account of the policies, Myanmar ports, year-wise progress of jetties, jetties of Yangon Port and Thilawa Port areas, port activities and progress, promotion of maritime agricultural exports, import/export activities through Yangon-Kawthoung-Ranong trip, promotion of trade through transshipment, financial earnings and expenditure and work review, and Union Minister for Commerce U Tun Ohn on conducting of trade in accord with the five-point roadmap and three economic objectives of SAC, progress in implementing the directives of the Senior General in connection with export promotion, trade activities during the period from financial year 2011-2012 to March FY 2024-2025, month-wise trade activities in FY 2024-2025, volume of item-wise exports during the period from FY 2011-2012 to 12 March FY 2024-2025, item-wise export comparison between the period up to 12 March FY 2024-2025 and the previous year, largest exported items and largest importer countries, rice, broken rice, beans and pulses, corn, sesame and cotton exports, item-wise imports up to 12 March FY 2024-2025, FY-wise largest imported items.



Union Minister for Transport and Communications General Mya Tun Oo presents a commemorative gift to Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

As regards the reports, the Senior General said in the past, Myanmar served as the main port of the whole Southeast Asia. But exports are declining due to various reasons at present. The country must seek export promotion means and overcome hardships and restrictions. Myanmar Port Authority should apply fair practices in giving mooring permissions, and should take into account the type and size of ships in doing so. It should calculate the degree of restrictions that may appear after the completion of the Myanmar-Korea friendship bridge (Dala) and make preparations to overcome them.

Due to economic sanctions imposed on the country, there is a growing need to enhance domestic production and promote the export sector, according to reports. There is a need to scale up the production of existing market goods, particularly agricultural products, and expand their export to international markets. In addition to agricultural products, there is potential to export industrial agricultural goods and food products. Therefore, it is essential to further enhance production beyond current levels. It is essential to produce and export high-value, high-quality products such as rubber and coffee, which are already in the market. Additionally,

See Page - 19 ●●

●● From Page - 18

expanding cultivated acreage is necessary to boost production.

To boost exports, it is crucial to meet the target output of agricultural activities. Export growth will only be possible when production targets are achieved, and output quality remains high. Increasing the production of oilseeds will help reduce the country's reliance on imported edible oil.

Gradual reforms are needed in corn cultivation to enable the production of high-value products from corn, rather than exporting it as raw material. Achieving this transformation will support the development of MSME businesses. Entrepreneurs must establish corn processing factories and gradually shift from producing raw corn to manufacturing finished corn products.

Regarding rice, it is essential to focus on milling and producing high-quality rice, with the aim of exporting premium, high-value rice to international markets. If sequential cropping is successfully implemented, agricultural output will double, leading to an increase in the production of finished products as well. Given that there are no restrictions on the export of agricultural and livestock products produced in the country, officials at all levels must take decisive actions to ensure these products are exported efficiently and without delay. It is also crucial to systematically plan transportation routes to ensure that vehicles departing from the port can leave on time, while making the necessary arrangements to prevent traffic congestion. There is a need to implement a plan that ensures fairness in the management of ports. He emphasized that major entrepreneurs and business owners with strong financial capacity should prioritize investments in agriculture, farming, and agro-based industries, as these sectors directly contribute to the development and the socio-economic advancement of the country and people.

Then, the Union Minister for Transport and Communications presented a commemorative gift to the Senior General.

Subsequently, the Senior General and members visited the Asia World Port Terminal (AWPT) to inspect port operations and provided necessary guidance based on the presentations delivered by the officials.

**100**



Senior General Min Aung Hlaing gives counsel for improvement of port sector performance.

# Ayadaw Township finishes cultivation of green gram in more than 4,000 acres of croplands

AYADAW March 15

Monywa District Agriculture Department stated that a total of 4,164 acres of green gram has been planted as cold season crops in Ayadaw Township of Sagaing Region.

Local farmers started cultivation of green gram in October 2024, and so far they have grown 4,164 acres of green gram against the target of 4,185 acres in 2024-2025 cold season in Ayadaw Township.

Daw San San Myint, Head of Monywa District Agriculture Department said: "Local authorities earmarked cultivation of 4,185 acres of green gram this cold season, 4,164 acres of which has been planted by local farmers. Our department raised farmer awareness to expand sown acreage of green gram in the township and use quality strains of crops for boosting per-acre yield of crops."

In Ayadaw Township, officials of the Township Agriculture Department educated local farmers to use quality strains of crops and correct agricultural techniques and prevent pests as well as broadcast fertilizers.

This year, township officials cooperate with local farmers for using quality seeds, agricultural inputs and post-harvest technology in order to increase per-acre yield of crops.

**SK**

# Farmers complete growing maize and corns in Kanbalu Township

KANBALU March 15

Statistics of Kanbalu Township Agriculture Department stated that local farmers planted 5,087 acres of maize and corn as cold season crops in Kanbalu Township of Sagaing Region this cold season.

In 2024-2025 cold season, the township authorities set a plan to grow 3,565 acres of maize and 1,613 acres of corns as cold season crops, totalling 5,178 acres. Local farmers started growing the crops in October 2024. So far, they have planted 3,529 acres of maize and 1,558 acres of corns, totalling 5,087 acres against the target cultivation.

U Myo Zaw, Head of Kanbalu Township Agriculture Department commented: "This year, farmers have grown 5,087 acres of maize and corps against the target of 5,178 acres. They are trying hard to meet the target cultivation. Our department disseminates agricultural knowledge and techniques and prevention of pests to farmers."

Officials of the Township Agriculture Department conduct training courses for farmers to have capacity for growing maize and corns, stage field demonstrations and prevention of FAW and pests and show making natural fertilizers with the use of domestic raw materials.

Maize yields more than 50 baskets of maize per acre, costing Ks-500,000 per acre for agricultural charge while corns produce 15,000 pieces of corns, costing more than Ks-500,000 per acre.

**SMK**

# Farmers finish cultivation of more than 6,000 acres of green gram in KhinU Township

KHINU March 15

Local farmers have planted 6,344 acres of green gram as cold season crops in KhinU Township of Sagaing Region, according to the statistics of KhinU Township Agriculture Department.

Township authorities set a plan to grow 6,344 acres of green gram in 2024-2025 cold season but farmers have so far planted 6,344 acres of crops against the target cultivation.

U Nay Win Naing, Head of KhinU Township Agriculture Department commented: "This cold season, farmers have planted 6,344 acres of green gram against the target of 6,515 acres. Local farmers will expand their sown acreage using quality strains of seeds."

Officials raise farmer awareness with the assistance of quality strains of crops suitable for the region, using good agricultural techniques, prevention of pests and systematic use of fertilizers in order to boost per-acre yield of crops.

This year, officials of the Township Agriculture Department helped local farmers with quality seeds, agricultural inputs and host-harvest technology. **SMK**

# Uzbekistan, Russia to boost inter-parliamentary cooperation



TASHKENT March 15

Uzbek President Shavkat Mirziyoyev met with Chairman of the Russian State Duma Vyacheslav Volodin on Friday, with a willingness to expand cooperation between their parliaments.

Mirziyoyev and Volodin addressed the current issues affecting the comprehensive strategic partnership between Uzbekistan and Russia during their meeting, according to a statement from the Uzbek president's press service.

The statement noted that particular attention was paid to expanding inter-parliamentary interaction and following up on the agreements reached during Russian President Vladimir Putin's state visit to Uzbekistan last May.

"The leader of our country supported the importance of thorough preparation for the second session of the Inter-Parliamentary Commission and its organization in Uzbekistan " with the two countries' involvement, the press service said.

The statement also stressed the need for parliaments to accelerate priority projects in trade, economic and investment cooperation.

Joint programs in labor migration and cultural and humanitarian exchange were also noted, it said.

**Xinhua**

# 30-day ceasefire push: Putin seeks long-term peace, Zelensky wants war and Trump stuck in the middle

MOSCOW March 15

Russia's president has expressed interest in Trump's 30-day ceasefire idea, but cited important "nuances" that must be accounted for first, since Volodymyr Zelensky has opposed peace at every turn. Here's the evidence of their divergent approaches.

1. Fate of Kursk Cauldron

Putin: "What will we do about the incursion zone in Kursk region? If we stopped military operations for 30 days, what would this mean? That all [enemy forces] would just walk out without a fight?"

Zelensky: "Our troops in Kursk region continue to carry out their tasks."

2. Respite for Ukraine's Mobilization Campaign?

Putin: "How will these 30 days be used? To ensure the continued forced mobilization in Ukraine?"

Zelensky aide Podolyak and Rada Defence Committee chairman Kostenko: Ceasefire WON'T stop mobilization, WON'T end martial law, and WON'T trigger elections.

3. Handling of Potential Violations (Armed Attacks, Incursions, Missile Strikes)

Putin: "Who will be able to determine where and who has violated a possible agreement on a ceasefire across a 2,000 km front?"

Zelensky: Complained to Trump last month, claiming Russia violated ceasefires 25 times since 2014. **Sputnik**

# 3 killed, 13 rescued as boat capsizes in India's Uttar Pradesh

NEW DELHI March 15

Three people were killed and 13 others rescued on Saturday after a boat capsized in the northern Indian state of Uttar Pradesh, police said.

Following the accident, rescuers and police teams rushed to the spot to carry out search and rescue operations.

According to officials, the people in the boat were going to attend a funeral.

"The mourners, which included family members and villagers, were going across the river in two boats. While the boat carrying some family members and the body reached the shore safely, the ill-fated boat with 16 people on board capsized in the middle of the river," a police officer said.

Accidents involving traditionally made boats are common in India, especially in rural areas.

**Xinhua**



# New Canadian PM takes aim at Trump

OTTAWA March 15

Prime Minister Mark Carney has vowed that Canada will never become part of the United States, pushing back against US President Donald Trump's repeated comments about making the northern neighbor the 51st state.

Trump reiterated on Thursday that "Canada only works as a state" and defended his decision to impose tariffs on the country, claiming that the US spends US$-200 billion a year to subsidize Ottawa.

Speaking outside Ottawa's Rideau Hall after being sworn in as prime minister on Friday, Carney dismissed the notion of annexation.

"We will never, ever, in any way, shape, or form, be part of the United States," he said.

"America is not Canada," Carney added, calling his country "a very fundamentally different nation." Both "the nature of Canada" and "the economics" make Trump's idea unthinkable, he said.

Carney added that Trump will only respect Canada if it has other options, stressing the need to strengthen the economy while seeking alternative trade partners. Earlier this week, Ottawa imposed 25 percent tariffs on tens of billions of dollars' worth of American imports in retaliation for the 25 percent duty hikes introduced by Trump last month.

Carney was elected leader of Canada's ruling Liberal Party last week, making him the next prime minister pending a general election. Justin Trudeau resigned in January due to low approval ratings linked to inflation, a housing crisis, and economic struggles. In his inaugural speech on Sunday, the economist and former central banker promised to maintain Canada's retaliatory tariffs until "Americans show us respect."

In addition to his repeated calls for Canada to join the US, Trump has also expressed interest in annexing Denmark's Arctic territory of Greenland and reasserting US control over the Panama Canal. **RT**

# Iranian, Dutch FMs discuss ties, regional developments over phone

TEHRAN March 15

Iranian Foreign Minister Seyed Abbas Araghchi and his Dutch counterpart Caspar Veldkamp on Saturday held a phone conversation to discuss bilateral ties and developments in West Asia.

The two sides also exchanged views on international issues of common interest, according to a statement released by the Iranian Foreign Ministry.

Araghchi underscored the Iranian government's approach of pursuing "good" diplomatic relations with other countries, stressing that Iran is ready for interaction and dialogue with European countries based on mutual respect and interests, said the statement.

Veldkamp, for his part, noted the long history of bilateral relations and Tehran's important role and position in regional developments, read the statement.

He also stressed the necessity to use all diplomatic capacities to enhance understanding among different governments and resolve differences, said the statement.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 23

## I will and I'm going to

### Exercises

**23.1** **Complete the sentences using** will ('ll) **or** (be) going to.

1 A: Why are you turning on the TV?
B: I'm going to watch the news. (I / watch)
2 A: I forgot my wallet. I don't have any money.
B: Not to worry. ..... you some. (I / lend)
3 A: Why are you filling that bucket with water?
B: ..... the car. (I / wash)
4 A: I don't know how to use the washing machine.
B: It's easy. ..... you. (I / show)
5 A: I've decided to paint this room.
B: That's nice. What colour ..... it? (you / paint)
6 A: Where are you going? Are you going shopping?
B: Yes, ..... some things for dinner tonight. (I / buy)
7 A: What would you like to eat?
B: ..... a pizza, please. (I / have)
8 A: This food doesn't taste very good, does it?
B: No, it's horrible. ..... it. (I / not / finish)
9 A: Tom is starting an evening class next month.
B: Is he? What .....? (he / study)
10 A: Did you call Lisa?
B: Oh, no. I completely forgot. ..... her now. (I / call)
11 A: Has Dan decided what to do when he leaves school?
B: Yes. Everything is planned.
First ..... a holiday for a few weeks. (he / have)
Then ..... a management training course. (he / do)

**23.2** **Read the situations and complete the sentences using** will ('ll) **or** (be) going to.

1 You want some coffee. You go to the kitchen to make some.
You say (to your friend): I'm going to make some coffee. Would you like some?
2 You're speaking to a friend and arranging to meet. You suggest a time and place.
You say: ..... you at 10.30 in the hotel lobby, OK? (I/see)
3 You have decided to sell your car. You tell a friend of yours.
You say: I don't need my car any more. ..... it. (I/sell)
4 Your friend is worried because she has lost her driving licence.
You say: Don't worry. I'm sure ..... it. (you/find)
5a You have an old camera that is broken. You have decided to throw it away. You tell your friend.
You say: This camera is broken. ..... it away. (I/throw)
5b Your friend loves and collects old cameras. He doesn't want you to throw it away.
He says: Don't throw it away! ..... it. (I/have)
6a Joe has to go to the airport tomorrow. He doesn't know how to get there. Amy offers to take him.
Amy says: Don't worry about getting to the airport, Joe. ..... you. (I/take)
6b Later that day, Paul offers to take Joe to the airport. Joe tells him that it's not necessary.
Joe says: Thanks, Paul, but ..... me. (Amy/take)

**23.3** **Which goes with which?**

| | | | |
|---|---|---|---|
| 1 | Why don't you come to the party with us? | a | He'll get what he wants. |
| 2 | That ceiling looks dangerous. | b | He probably won't remember me. |
| 3 | He's looking very tired. | c | It's going to be a nice day. |
| 4 | This table is too big. | d | It looks as if it's going to fall down. |
| 5 | The weather forecast is good. | e | It's going to be 200 metres high. |
| 6 | Jack is very determined. | f | ~~You'll enjoy it.~~ |
| 7 | They are building a new skyscraper here. | g | I don't think it will fit in the room. |
| 8 | I haven't seen Ben for ages. | h | I think he's going to fall asleep. |


1 ..f.. 2 ..... 3 ..... 4 ..... 5 ..... 6 ..... 7 ..... 8 .....

→ **Additional exercises 10–13** (pages 308–10) 47

**Raymond Murphy**

# Space Exploration, Energy and Investment

## ရုရှားနှင့်အမေရိကန်တို့ကြား အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ရုရှားတိုက်တွန်း



ရုရှားနှင့်အမေရိကန်တို့ကြား အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ရုရှားနိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေအဖွဲ့က အီလွန်မက်အား တိုက်တွန်းခဲ့ကြောင်း အဆိုပါရန်ပုံငွေအဖွဲ့မှ အကြီးအကဲက မတ်လ ၁၅ ရက်တွင် ပြောကြားသည်။

ရုရှားနှင့်အမေရိကန်တို့ကြား ပူးပေါင်းလုပ်ဆောင်မည့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးလုပ်ငန်းသည် လူသားများ၏ပျက်စီးခြင်းအတွက်မဟုတ်ဘဲ လူသားများ၏ ထင်ပေါ်ကျော်ကြားမှုအတွက် ဖြစ်သည်ဟု ရုရှားနိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေအဖွဲ့မှ အကြီးအကဲဖြစ်သူ ကီရေး ဒီမီထရီယက်က ၎င်း၏တွစ်တာဝက်ဆိုက်တွင်ဖော်ပြထားသည်။

ရုရှားနိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေအဖွဲ့၏ အဆိုပါပြောဆိုချက်သည် အီလွန်မက်၏ လာမည့် ၂၀၂၆ ခုနှစ်တွင် လုပ်ဆောင်မည့်အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးအစီအစဉ်အား တုံ့ပြန်သည့်အနေဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

SpaceX ကုမ္ပဏီအား တည်ထောင်ထားသည့် အီလွန်မက်အနေဖြင့် လာမည့်နှစ်တွင် ၎င်းတို့၏ Starship အာကာသယာဉ်ဖြင့် Optimus ဟု အမည်ပေးထားသည့် လူသားစက်ရုပ်တစ်ရုပ်အား သယ်ဆောင်သွားရန် စီစဉ်ထားသည်။ အဆိုပါ Optimus စက်ရုပ်အား Tesla ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် လာမည့် ၂၀၂၉ ခုနှစ်နှစ်တွင် လူသားများက အင်္ဂါဂြိုဟ်ပေါ်သို့ခြေချနိုင်မည်ဟု မက်က ပြောကြားထားသည်။

ရုရှားနိုင်ငံပိုင် ရင်းနှီးမြှုပ်နှံရေးရန်ပုံငွေအဖွဲ့မှအကြီးအကဲ ကီရေး ဒီမီထရီယက်၏ ပြောဆိုချက်ကို မက်ကလူသိရှင်ကြားတုံ့ပြန်ပြောဆိုထားခြင်းမရှိသော်လည်း တွစ်တာအသုံးပြုသူများက အပြုသဘောဆောင်သည့် တုံ့ပြန်မှုများကို လုပ်ဆောင်ခဲ့ကြသည်။

**Ref: RT**

## တောင်အာဖရိကနိုင်ငံ၏ စီမံကိန်းများအတွက် အထောက်အကူပြုနိုင်ရန် အီးယူက ယူရို ၄ ဒသမ ၇ ဘီလီယံရင်းနှီးမြှုပ်နှံမည်



အီးယူအဖွဲ့အနေဖြင့် တောင်အာဖရိကနိုင်ငံ၏ စီမံကိန်းများအတွက် အထောက်အကူပြုနိုင်ရန် ယူရို ၄ ဒသမ ၇ ဘီလီယံ (ဒေါ်လာ ၅ ဘီလီယံကျော်) ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

အီးယူအဖွဲ့၏ အဆိုပါရင်းနှီးမြှုပ်နှံမှုအစီအစဉ်သည် အမေရိကန်က တောင်အာဖရိကနိုင်ငံအား ပေးအပ်နေသည့် အကူအညီများကို ဖြတ်တောက်လိုက်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အီးယူအဖွဲ့က ဖော်ဆောင်မည့်စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေခြင်းမရှိသည့် စွမ်းအင်များ အသုံးပြုနိုင်ရေးအတွက် အသွင်ကူးပြောင်းခြင်း၊ ကာကွယ်ဆေးများ ထုတ်လုပ်ခြင်း၊ ဒစ်ဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်နိုင်ခြင်းတို့ ပါဝင်ကြောင်း ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလေယန်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားခြင်းဖြစ်သည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲသည် အီးယူနှင့် တောင်အာဖရိကတို့ကြား ဆက်ဆံရေးတိုးမြှင့်နိုင်ရန်အတွက် ကျင်းပခဲ့သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။

လက်ရှိတွင် အမေရိကန်အစိုးရသည် တောင်အာဖရိကနိုင်ငံနှင့် သံတမန်ရေးဆိုင်ရာတင်းမာမှုကြောင့် တောင်အာဖရိကအစိုးရသို့ပေးအပ်နေသည့် အကူအညီများကို ဖြတ်တောက်ထားသည်။ **Ref: RT**

## အာတိတ်ဒေသ၌ စွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားနှင့်အမေရိကန်ဆွေးနွေးလျက်ရှိ

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် မကြာမီအနာဂတ်ကာလတွင် အာတိတ်ဒေသ၌စွမ်းအင်ထုတ်လုပ်ရေးစီမံကိန်းများ အပါအဝင် နိုင်ငံတကာစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိသည်။

အာတိတ်ဒေသသည် ထုတ်ယူခြင်းမပြုရသေးသည့် စွမ်းအင်အရင်းအမြစ်များ၊ သတ္တုအရင်းအမြစ်များနှင့် မဟာဗျူဟာမြောက်ကုန်သွယ်ရေးလမ်းကြောင်းများကြောင့် ကမ္ဘာ့နိုင်ငံများ၏စိတ်ဝင်စားမှုကိုခံနေရသည့် ဒေသတစ်ခုဖြစ်သည်။

ရုရှားနိုင်ငံသည် လက်ရှိတွင် မြောက်ပင်လယ်ရှိ လမ်းကြောင်းတစ်ခုကိုဖော်ဆောင်လျက်ရှိသည်။ အဆိုပါလမ်းကြောင်းသည် ယူရေရှားအနောက်ပိုင်းနှင့် အာရှ-ပစိဖိတ်ဒေသတို့ကြား ဆက်သွယ်ပေးထားသည့် အတိုဆုံးလမ်းကြောင်းဖြစ်ပြီး ယင်းလမ်းကြောင်းသည် အာတိတ်ဒေသနှင့် အရှေ့ဖျားဒေသကို ဖြတ်သန်းလျက်ရှိသည်။

အဆိုပါလမ်းကြောင်းကို ရုရှားနိုင်ငံက



လွန်ခဲ့သည့်နှစ်များအတွင်း အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဖော်ဆောင်နေခြင်းဖြစ်သည်။ ယခုအခါ ရုရှားနိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Gazprom အနေဖြင့် အာတိတ်ဒေသရှိ ဖက်စပ်လုပ်ငန်းများတွင် ပါဝင်လာရန် အမေရိကန်အားကမ်းလှမ်းနိုင်သည့် အနေအထားတွင်ရှိနေသည်။ ထို့ပြင် ရုရှားနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားပေးနိုင်မည်ဆိုပါက ရုရှားအနေဖြင့် အမေရိကန်နှင့် ဆာခါလင်ဓာတ်ငွေ့ရည်စီမံကိန်းတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် ရုရှား-အမေရိကန် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွင် ဥရောပနှင့် အာရှဒေသများရှိ စီမံကိန်းများလည်း ပါဝင်လာနိုင်ကြောင်း အတွင်းသိများကပြောကြားထားသည်။

ရုရှားနှင့်အမေရိကန်တို့ကြား စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်သည် နှစ်နိုင်ငံကြား ဆက်ဆံရေးပုံမှန်ပြန်ဖြစ်စေရေးအတွက် အမေရိကန်က ကြိုးပမ်းနေစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

**Ref: RT**

## အန်ဒရေရူဒင်ကို ဦးဆောင်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့ မြောက်ကိုရီးယားသို့ရောက်ရှိ

**ဆိုး၊ နိုင်ငံရေး**

ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်ဒရေရူဒင်ကို ဦးဆောင်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့သည်မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း KCNA သတင်းအေဂျင်စီက မတ်လ ၁၅ ရက်တွင် ဖော်ပြသည်။

ရူဒင်ကိုသည် ရုရှားအစိုးရက ယူကရိန်းနိုင်ငံအတွင်း အထူးစစ်ဆင်ရေးစတင်ဆင်နွှဲပြီးနောက်ပိုင်းမှစ၍ မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးဖော်ဆောင်ရာတွင် ပါဝင်ခဲ့သူဖြစ်ပြီး ၎င်း၏ယခုခရီးစဉ်သည် ယူကရိန်းတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချမှတ်ရန် အမေရိကန်က အဆိုပြုပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင်ရူဒင်ကိုသည် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခစတင်ဖြစ်ပွားသည့်အစောပိုင်းကာလတွင်လည်း ငြိမ်းချမ်းရေးဆွေးနွေးသည့် ရုရှားကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ သို့သော် ၎င်း၏ မြောက်ကိုရီးယားခရီးစဉ်နှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။



မြောက်ကိုရီးယားနိုင်ငံသည် လက်ရှိတွင် ရုရှားနိုင်ငံနှင့် ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံ ဆက်ဆံရေးမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။

**Ref: Ivt, ST**

# အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို ရုရှားနိုင်ငံကသဘောတူညီခြင်းမရှိပါက ပိတ်ဆို့မှုသစ်များထပ်မံချမှတ်မည်ဟု G7 အဖွဲ့ခြိမ်းခြောက်

**အော့တဝါ၊ အပစ်အခတ်ရပ်စဲရေး**

ရုရှားနိုင်ငံအနေဖြင့် အမေရိကန်က အဆိုပြုသည့် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို သဘောတူညီခြင်းမရှိပါက ပိတ်ဆို့မှုသစ်များထပ်မံချမှတ်မည်ဟု စက်မှုအင်အားကြီးနိုင်ငံ(G7)ကခြိမ်းခြောက် ပြောဆိုလိုက်ကြောင်းသိရသည်။



အပစ်အခတ်ရပ်စဲရေးနှင့် စပ်လျဉ်း၍ G7 အဖွဲ့ဝင်နိုင်ငံများကြား ကွဲပြားမှုများကို ကျော်လွှားနိုင်ခဲ့ပြီး သဘောတူညီချက် တစ်ရပ်ချမှတ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကဲ့သို့ အပစ်အခတ်ရပ်စဲရန် သဘောတူညီခြင်း မရှိပါက ပိတ်ဆို့မှုသစ်များနှင့် ရင်ဆိုင်ရမည် ဖြစ်သည်ဟု G7 အဖွဲ့မှ သံတမန်များ၏ ပြောကြားချက်ကို ကိုးကား၍ မီဒီယာများက မတ်လ ၁၄ ရက်တွင် ဖော်ပြသည်။

ထို့ပြင် အပစ်အခတ်ရပ်စဲရေးကို သဘောတူညီရန်အတွက် ရုရှားနိုင်ငံအား G7 အဖွဲ့ဝင်နိုင်ငံများက ထောက်ခံကြောင်း ၎င်းအဖွဲ့ကထုတ်ပြန်သည့် ကြေညာချက် တွင်ဖော်ပြထားကြောင်းသိရသည်။

အကယ်၍ ရုရှားနိုင်ငံက အပစ်အခတ် ရပ်စဲရေးကို သဘောတူညီခြင်းမရှိပါက G7 အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရုရှားနိုင်ငံ ၏ရေနံစျေးနှုန်းများကို ထိန်းချုပ်ကန့်သတ် ခြင်းအားဖြင့် စွမ်းအင်ကဏ္ဍအပေါ် ပိတ်ဆို့မှုအသစ်များချမှတ်၍ ယူကရိန်း နိုင်ငံသို့အကူအညီများဆက်လက်ပေးအပ် ရန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**Ref: Ivt, Tass**

# ရုရှားတပ်ဖွဲ့ဝင်များ၏ စစ်ဆင်နိုင်မှုစွမ်းဆောင်ရည်က မယုံကြည်နိုင်လောက်အောင် ထူးခြားကောင်းမွန်ဟု ထရမ့်ပြော



**ဝါရှင်တန်၊ စစ်ရေး**

ကာ့စ်ဒေသတွင် ရုရှားတပ်ဖွဲ့ဝင်များ၏ စစ်ဆင်နိုင်မှုစွမ်းဆောင်ရည်သည်မယုံကြည် နိုင်လောက်အောင် ထူးခြားကောင်းမွန် သည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားလိုက်သည်။

အမေရိကန်အစိုးရသည် ယူကရိန်း နိုင်ငံသို့ ငွေကြေးနှင့်စစ်ရေးအကူအညီ အများအပြားကို နှစ်ပေါင်းများစွာကြာ အောင် ပေးအပ်ခဲ့သော်လည်း ရုရှားတပ်ဖွဲ့ ဝင်များက ကာ့စ်ဒေသတွင် ယူကရိန်း စစ်သည်အမြောက်အမြားအား ဝိုင်းရံ ပိတ်ဆို့ထားနိုင်ခြင်းသည် ယုံကြည်နိုင်ဖွယ် မရှိဟု ထရမ့်က မတ်လ ၁၄ ရက်တွင် တရားရေးဝန်ကြီးဌာနခွဲ ပြောကြားသည့် မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

ထို့ပြင် ယခင်အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်အနေဖြင့်လည်း ယူကရိန်းပဋိပက္ခ ကို စတင်ဖြစ်ပွားစေရန် ခွင့်မပြုသင့်ခဲ့ ကြောင်း၎င်းကဆက်လက်ပြောကြားသည်။

ယူကရိန်းတပ်ဖွဲ့ဝင်များသည် ရုရှား နိုင်ငံအတွင်းရှိ ကာ့စ်ဒေသအတွင်းသို့ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် စတင်ထိုးစစ် ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဆွစ်ဇာမြို့နှင့် ကျေးရွာအမြောက်အမြားကို သိမ်းပိုက်နိုင် ခဲ့သည်။ သို့သော် ရုရှားတပ်ဖွဲ့ဝင်များက မတ်လ ၁၂ ရက်ညနေပိုင်းတွင် အဆိုပါ ကာ့စ်ဒေသရှိ နယ်မြေ ၈၉ ရာခိုင်နှုန်းကို ယူကရိန်းတပ်များထံမှ ပြန်လည်သိမ်းယူ နိုင်ခဲ့ပြီး ယင်းဒေသအတွင်းရှိ ယူကရိန်း တပ်ဖွဲ့ထောင်ပေါင်းများစွာအား ဝိုင်းရံ ပိတ်ဆို့ထားနိုင်ခဲ့ကြောင်း ရုရှားကာကွယ် ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးသော လက်နက်ခဲယမ်း များအား ယူကရိန်းသို့ ထောက်ပံ့ပေးခဲ့ သော်လည်း ယူကရိန်းစစ်သည်အများ အပြားအား သီခြားဖြတ်တောက်၍ ဝိုင်းရံ ပိတ်ဆို့နိုင်သည့် ရုရှားတပ်ဖွဲ့ဝင်များ၏ စစ်ဆင်နိုင်မှုစွမ်းရည်သည် မယုံကြည်နိုင် လောက်အောင် ထူးခြားကောင်းမွန်မှုရှိ သောကြောင့် ယူကရိန်းနိုင်ငံအနေဖြင့် မိမိတို့ထက်အင်အားကြီးများသည့် နိုင်ငံ တစ်နိုင်ငံအား ရမယ်မရှာသင့်ကြောင်း ထရမ့်က ဆက်လက်ပြောကြားထား သည်။

**Ref: RT**

# သတင်းတိုကလွှာ

## ဘဲဂရိတ်မြို့တွင် ဆန္ဒပြနေသည့် လူအုပ်အတွင်းသို့ မော်တော်ကားဖြင့်ဝင်တိုက်ခဲ့သည့် ယာဉ်မောင်းအား ရဲတပ်ဖွဲ့ဖမ်းဆီး

ဆားဘီးယားနိုင်ငံ ဘဲဂရိတ်မြို့တွင် ဆန္ဒပြနေသည့် လူအုပ်အတွင်းသို့ မော်တော်ကားဖြင့် ဝင်တိုက်ခဲ့သည့် ယာဉ်မောင်းအား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း Blic သတင်းစာက မတ်လ ၁၅ ရက်တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်သည် ဘဲဂရိတ်မြို့ရှိ ဇာကိုဗိုခရိုင်တွင် မတ်လ ၁၄ ရက်က ဖြစ်ပွားခြင်းဖြစ်ပြီး ယာဉ်မောင်းသားသည် လူအုပ်အတွင်းရှိ အမျိုးသမီးအား ဝင်တိုက်လိုက်ခြင်းကြောင့် ၎င်းအမျိုး သမီးမှာ ကားခေါင်မိုးပေါ်သို့ လွှင့်ထွက်သွား ပြီး ဦးခေါင်းဒဏ်ရာဖြင့် မြေပြင်ပေါ်သို့ ပြုတ်ကျလာခဲ့ကြောင်း၊ ယင်းနောက်တွင် ယာဉ်မောင်းသမားမှာ အခင်းဖြစ်ရာ နေရာမှ ထွက်ပြေးသွားသော်လည်း ၎င်းအား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မောင်းသမားအား ရဲတပ်ဖွဲ့က လူသတ်ရန်ကြံစည်မှုဖြင့် တရားစွဲဆိုထားသည်။

**Ref: Ivt**

## ထိုင်းနိုင်ငံရှိ အဝေးပြေးလမ်းမဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် တည်ဆောက်ဆဲတံတားတစ်စင်းပြိုကျ ၇ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိအဝေး ပြေးလမ်းမဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် မတ်လ ၁၅ ရက် အစောပိုင်းက တည်ဆောက်ဆဲ တံတားတစ်စင်းပြိုကျခဲ့ရာ အနည်းဆုံး လူ ၇ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း သိရသည်။

အဆိုပါမတော်တဆမှုသည် ဒေါင်းခန်နွန် အဝေးပြေးတံတားဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၈ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး အပျက်အစီးများအောက်၌ ပိတ်မိနေသည့် လူ ၃၀ ခန့်အား ပြန်လည်ကယ်ဆယ်နိုင်ရန် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိ သည်။

နောက်ဆုံးထုတ်ပြန်ချက်များအရ တံတားပြိုကျမှုအတွင်း လူ ၁၆ ဦးဒဏ်ရာ ရရှိပြီး လူပေါင်း ၃၀ ခန့်မှာ အပျက်အစီး များကြား ပိတ်မိနေသည်ဟု ယူဆရ ကြောင်းသိရသည်။

**Ref: ST**

## အိုဟိုင်းအိုးပြည်နယ်တွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးသေဆုံး

အမေရိကန်ပြည်ထောင်စု အိုဟိုင်းအိုး ပြည်နယ်တွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးသွား ကြောင်း Fox8 ရုပ်သံသတင်းဌာနက ဖော်ပြသည်။

သေဆုံးသူမှာ အသက် ၅၂ နှစ်အရွယ်ရှိ အန်တိုနီဂျွန်းဆိုသူဖြစ်ပြီး ရဟတ်ယာဉ် သည် မတ်လ ၁၄ ရက်တွင် ပျက်ကျခြင်း ဖြစ်ကြောင်းသိရသည်။

ရဟတ်ယာဉ်ပျက်ကျချိန်တွင် ၎င်းတစ်ဦး တည်းသာလိုက်ပါလာကြောင်းနှင့် ၎င်း၏ ရုပ်အလောင်းကို ရေလှောင်ကန်တစ်ခု အနီးတွင် ပြန်လည်တွေ့ရှိရကြောင်း ပြည်ထောင်စု လေကြောင်းပျံသန်းရေး စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို အာဏာပိုင်အဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref: Ivt**

# ၅၁ ခုမြောက်ပြည်နယ်အဖြစ်ပေါင်းစည်းရန် ပြောဆိုသည့် ထရမ့်၏ပြောဆိုချက်အား ကနေဒါဝန်ကြီးချုပ်သစ်က ပယ်ချပြီး ကုန်သွယ်ရေးစစ်ပွဲကို အနိုင်တိုက်မည်ဟုဆို

**အော့တဝါ၊ စီးပွားရေး**

ကနေဒါနိုင်ငံအား အမေရိကန် ပြည်ထောင်စု၏ ၅၁ ခုမြောက်ပြည်နယ် အဖြစ်ပေါင်းစည်းရန် ပြောဆိုသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ပြောဆိုချက်ကို ကနေဒါဝန်ကြီးချုပ်သစ် မာ့ကာနေးက ပယ်ချလိုက်ကြောင်း သိရ သည်။

ကနေဒါနိုင်ငံသည် မည်သည့်အခါမျှ အမေရိကန်၏အစိတ်အပိုင်းတစ်ခုဖြစ်လာ မည်မဟုတ်ကြောင်း၊ အမေရိကန်သည် ကနေဒါနိုင်ငံမဟုတ်ကြောင်းနှင့် ကနေဒါ နိုင်ငံသည် အခြေခံအားဖြင့် အမေရိကန်နှင့် ကွဲပြားခြားနားနေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း ကာနေးက မတ်လ ၁၄ ရက် တွင် ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ကနေဒါနိုင်ငံသည် အင်အား တောင့်တင်းပြီး အစိုးရအဖွဲ့သည်လည်း ညီညွတ်မှုရှိကြောင်း၊ ထို့ကြောင့် အမေရိကန် နှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲ တွင် အနိုင်ရရှိစေရန် ကြိုးပမ်းရမည်ဖြစ် ကြောင်း ၎င်းကဆက်လက်ပြောကြား သည်။

ထို့အတူ ကုန်သွယ်ရေးစစ်ပွဲကို ကနေဒါကစတင်ခဲ့ခြင်းမဟုတ်ကြောင်း၊ သို့သော် အမေရိကန်ပြည်ထောင်စုက ကနေဒါနိုင်ငံအပေါ် အခွန်တိုးမြှင့် ကောက်ခံပါက အမေရိကန်အစိုးရ၏ အဆိုပါ လုပ်ဆောင်မှုအပေါ် လက်တုံ့ပြန် သွားမည်ဖြစ်သည်ဟု ကာနေးက ထပ်လောင်းပြောကြားခဲ့ကြောင်းသိရသည်။

ကာနေးသည် စီးပွားရေးပညာရှင် တစ်ဦးဖြစ်ပြီး ယခင်က ကနေဒါဗဟိုဘဏ် ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင် ခဲ့သူဖြစ်ကြောင်းသိရသည်။

**Ref: RT**

# မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မော်ဘီမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မဟာအောင်မြေမြို့နယ်ရှိသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ ဓမ္မရေအေးကံကလေးကျေးရွာအုပ်စုရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကံကလေးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၁ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက်နှင့်ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ရန်မျိုးလုံပေါ်တော်မူမြတ်စွာဘုရားဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၁ ပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)




# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အဖျောက်မြို့နယ်အပါအဝင် မြို့နယ်(၁၄)မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချို့နွဲ့ယပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင်အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချို့နွဲ့ယပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

● **ကျောဖုံးမှအဆက်**

မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်ထွေပြောင်းပေးမည့်ပြည်နိုင်ငံသားများအား ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၆၁ ဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ထွေပြောင်းပေးရေးလုပ်ငန်းစဉ်များ နောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံးစနစ်တကျပြန်လည်ထွေပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ ၃၀ ရက်မှ မတ်လ ၁၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ဦးရေ ၆၄၃၆ ဦးစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°c | / | ၃၉°c |
| ရန်ကုန် | ၂၂°c | / | ၃၉°c |
| မန္တလေး | ၂၁°c | / | ၄၀°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၅ ကျင်းပ

**ရန်ကုန် မတ် ၁၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)၏ အစီအစဉ်ဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ (Yangon Investment Forum–2025) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ အခမ်းအနားကို မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က မင်္ဂလာမောင်းကို တီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးတို့က အမှာစကားများပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးကပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးမောင်းနှင်မှုအတွက် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသများထဲမှ တစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများနှင့် ချိတ်ဆက်မှုရရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ထိရောက်စွာ ပံ့ပိုးပေးနိုင်သည့်လုပ်ငန်း (Supporting Industries) များအဖြစ် ချိတ်ဆက်မှုများရရှိကာ ထုတ်လုပ်မှု ကွင်းဆက်ကောင်းများ ဖြစ်ပေါ်လာရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ပံ့ပိုးကူညီမှုများသည် အရေးကြီးသဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ ကူညီပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အားကောင်းသည့် ဒေသတစ်ခုဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်လုပ်ငန်း၊ စိုက်ပျိုးရေး၊ စက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းတို့အပြင် MSMEs လုပ်ငန်းများကို ပိုမိုကောင်းမွန်လာစေရေးကို ပေါင်းစပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှုစာချွန်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယနေ့ဖိုရမ်တွင် MSMEs လုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပြခန်း စုစုပေါင်း ၂၇ ခန်း စိတ်ဝင်စားဖွယ်ခင်းကျင်းပြသခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် စကားဝိုင်း ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ "Power Investment & EV prospect in Yangon" "Agriculture, Industry and Services in Yangon" နှင့် "Bridging MSMEs & Investment in Yangon" ခေါင်းစဉ်များကို ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် လျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍနှင့် MSME လုပ်ငန်းကဏ္ဍတို့၏အခွင့်အလမ်းများအား အစိုးရဌာနများမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက်ဆွေးနွေးခဲ့သည့် ကဏ္ဍသုံးခုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံချိတ်ဆက်ဆွေးနွေးခြင်း (Business Networking & Matching) အစီအစဉ်ကိုဆက်လက်ကျင်းပရာ ဖိုရမ်သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ ကတက်ကြွစွာပါဝင်ဆွေးနွေးကြပြီးပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများအကြား တိုက်ရိုက်စီးပွားရေးချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ကြသည်။


အဆိုပါဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့်အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးရန်၊ ပြည်တွင်းအငယ်စား၊ အသေးစား၊ အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအကြား ဆက်သွယ်ချိတ်ဆက်လာနိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်၏ဆောင်ပုဒ်မှာ "Sustainable Growth, Smart Investment: The Future of Yangon" "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု၊ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုနှင့် ရန်ကုန်၏အနာဂတ်" ဟူ၍ ဖြစ်သည်။ **(သတင်းစဉ်)**

# လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူအချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်၊ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/၈လ)**



အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး အတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နွေလယ်နေ့ခင်းအချိန်တွင် အရိပ်ရအေားမြေ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေားမြေသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွလျောင့်လျောင့် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပုထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြေ၍ လေဝင်လေထွက်ကောင်းသော နေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓါတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်းချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက် ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၅)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။



ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမလိခခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် မတ် ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့တွင်ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးမလိခခန်းမ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌လည်း ကောင်းကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဝန်ကြီးချုပ်များက အမှာစကားအသီးသီး ပြောကြားကြသည်။ ထို့နောက်တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှဝန်ကြီးချုပ်များက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင် အခြားသစ် (သုည ဒသမ ၉၁၉) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၉၈၄၄) ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောင်းမြမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၄၉၄၄)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**မတ်လ ၁၄ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲကုတ်ပြီးသား ၁၂၀ ကျပ်သား ၁၀၀ ခန့်၊ ကျွဲအသား ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်သား ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်ကုတ်ပြီးသား ၁၂၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်ခြေ ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်ခေါင်း ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်အူ ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်သွား ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်ဦးခေါင်း ၁၀၀ ကျပ်သား ၁၀၀ ခန့်၊ ဆိတ်ခြေ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တဝ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ပေါင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပင်ရီမီယံတစ်ကြိမ်ပေး နှစ်တိုင်ချေးငွေအသက်အာမခံ
၁၈။ တမှထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services





LPM
LANN PYI MARINE
COMPANY LIMITED

No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

SMART®
GENTLEMEN FASHION





Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

# ပရီးမီးယားလိဂ်ပွဲစဉ်(၂၉) စပိန်လာလီဂါပွဲစဉ်(၂၈)နှင့် အီတလီစီးရီးအေပွဲစဉ် (၂၉)ပွဲကြိုသုံးသပ်ချက်



## အာဆင်နယ် Vs ချယ်လ်ဆီး

ကစားမည့်ရက်/အချိန်
(၁၆-၃-၂၀၂၅ ည ၈:၀၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ချယ်လ်ဆီး ၁ - ၁ အာဆင်နယ်
အာဆင်နယ် ၅ - ၀ ချယ်လ်ဆီး
ချယ်လ်ဆီး ၃ - ၁ အာဆင်နယ်
နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အာဆင်နယ် ဝေး(နိုင်) အိမ်(သရေ) အိမ်(သရေ)
ချယ်လ်ဆီး ဝေး(နိုင်) အိမ်(နိုင်) အိမ်(နိုင်)

အာဆင်နယ်အသင်းက ၂၀၂၁ ခုနှစ်က ချယ်လ်ဆီးအသင်းကို အိမ်ကွင်းမှာရှုံးပြီး နောက်ပိုင်း ပွဲစဉ်တွေမှာ ရလဒ်တွေကောင်းလေ့ရှိတာကို တွေ့ရမှာပါ။ လက်ရှိ အာဆင်နယ်အသင်းခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းကလည်း ချယ်လ်ဆီးအသင်းကို အကောင်းဆုံးဖိအားပေးနိုင်စွမ်းရှိနေပါတယ်။ အာဆင်နယ်အသင်းအတွက် ချန်ပီယံဆုမျှော်လင့်ချက်က အတော်လေးနည်းပါးခဲ့ပြီဆိုပေမယ့် အဆင့်(၂)နေရာမှာ ဆက်လက်ရပ်တည်နိုင်ဖို့ ရမှတ်လိုအပ်ချက်တွေရှိနေပါတယ်။ အာဆင်နယ်အသင်းရဲ့ ဒီဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၃ ပွဲကစားပြီးချိန်မှာ ရှစ်ပွဲအနိုင်ရရှိထားပြီး လေးပွဲသရေရလဒ်နဲ့ တစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတွေကို ပြသထားပါတယ်။

ချယ်လ်ဆီးအသင်းကလည်း ချန်ပီယံလိဂ် ဝင်ခွင့်နောက်ဆုံးနေရာဖြစ်တဲ့ အဆင့်(၄)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဆင့်(၅)နေရာက မန်စီးတီးအသင်း၊ အဆင့်(၆)နေရာက နယူးကာဆယ်အသင်းတို့နဲ့ ရမှတ်ကွာဟမှုက ကျဉ်းမြောင်းနေလို့ ရမှတ်လိုအပ်ချက်တွေရှိနေပါတယ်။ ဒါပေမဲ့ ချယ်လ်ဆီးအသင်းက ၂၀၂၁ ခုနှစ်နောက်ပိုင်း အာဆင်နယ်အသင်းအိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း ရလဒ်ဆိုးရွားလေ့ရှိနေတာကိုလည်း သတိပြုရမှာပါ။ ချယ်လ်ဆီးအသင်းက ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲမှာ အနိုင်ရရှိထားတယ်ဆိုပေမယ့် ဒီဘောလုံးရာသီ အသင်းကြီးချင်းတွေ့ဆုံတဲ့ပွဲစဉ်တွေဆိုရင် ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေပြီး ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ချယ်လ်ဆီးအသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၄ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲသာအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းဆိုရင် ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းက စိတ်ချလို့မရပါဘူး။ ဒါပြင် ချယ်လ်ဆီးအသင်းခံစစ်ပိုင်းကလည်း အသင်းကြီးတွေနဲ့ တွေ့ဆုံတဲ့ပွဲစဉ်တွေဆိုရင် ရုန်းကန်နေရလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း အာဆင်နယ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေမှာပါ။

ဒီနှစ်သင်းကြားထိပ်တိုက်တွေ့ဆုံမှုပိုင်းမှာ ၁၅ ကြိမ်စီ အပြန်အလှန်အနိုင်ရရှိထားပြီး ၁၁ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရကြည့်ရမယ်ဆိုရင်လည်း ကွာဟချက်က သိသိသာသာမရှိလို့ အိမ်ကွင်းဆိုရင် ရလဒ်ကောင်းလေ့ရှိတဲ့ အာဆင်နယ်အသင်းကိုပဲအားပေးရမှာပါ။

ခန့်မှန်းရလဒ်- အာဆင်နယ် ၁ - ၀ ချယ်လ်ဆီး

## အက်သလက်တီကို Vs ဘာစီလိုနာ

ကစားမည့်ရက်/အချိန်
(၁၇-၃-၂၀၂၅ နံနက် ၂:၃၀ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
ဘာစီလိုနာ ၄ - ၄ အက်သလက်တီကို
ဘာစီလိုနာ ၁ - ၂ အက်သလက်တီကို
အက်သလက်တီကို ၀ - ၃ ဘာစီလိုနာ
နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အက်သလက်တီကို ဝေး(ရှုံး) ဝေး(ရှုံး) အိမ်(နိုင်)
ဘာစီလိုနာ အိမ်(နိုင်) ဝေး(နိုင်) အိမ်(နိုင်)

ချန်ပီယံဆုအတွက် ရမှတ်ကွာဟမှုမရှိဘဲ အားပြိုင်နေရတဲ့အသင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံနေလို့ အကြိတ်အနယ်ရှိလာဦးမှာပါ။ အက်သလက်တီကိုအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲကနေထွက်ခွာခဲ့ရပြီဖြစ်လို့ ပြည်တွင်းလိဂ်ဘက်ကို အပြည့်အဝ အာရုံစိုက်လာနိုင်ပေမယ့် ပြိုင်ဘက်အသင်းက ဘာစီလိုနာအသင်းဖြစ်နေလို့ သူတို့အတွက် အိမ်ကွင်းဆိုပေမယ့် ခက်ခဲနေမှာ အမှန်ပါပဲ။ အက်သလက်တီကိုအသင်းအတွက် အမှတ်ပေးဇယားအဆင့်(၃) နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဆင့်(၁) နေရာက ဘာစီလိုနာအသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာဟနေလို့ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေပါသေးတယ်။ ဒါပေမဲ့ အက်သလက်တီကိုအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပြီး အနီးကပ်ဆုံးပွဲစဉ်မှာလည်း ဂီတာဖေးလ်အသင်းကိုတောင် ရှုံးနိမ့်ခဲ့ပါတယ်။ အက်သလက်တီကိုအသင်းရဲ့ ဒီဘောလုံးရာသီ လိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းမှာတော့ ၁၄ ပွဲကစားပြီးချိန် ၁၀ ပွဲနိုင်၊ လေးပွဲသရေ၊ ရှုံးပွဲမရှိသေးလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက ကောင်းမွန်နေတယ်ဆိုပေမယ့် ဘာစီလိုနာအသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိနေတာကိုတော့ သတိထားရမှာပါ။

ဘာစီလိုနာအသင်းကလည်း အမှတ်ပေးဇယားထိပ်ဆုံးမှာဦးဆောင်နေတယ်ဆိုပေမယ့် ရီးယဲလ်မက်ဒရစ်အသင်း၊ အက်သလက်တီကိုအသင်းတို့နဲ့ ရမှတ်ကွာဟမှုတစ်မှတ်သာရှိနေလို့ ချန်ပီယံဆုအတွက် လက်ကျန်ပွဲစဉ်တွေမှာ အမှားခံလို့မဖြစ်ပါဘူး။ ဘာစီလိုနာအသင်းက စပိန်လာလီဂါပြိုင်ပွဲမှာ ၁၇ ပွဲဆက်ရှုံးပွဲမရှိဘဲ ၁၄ ပွဲအနိုင်ရရှိကာ သုံးပွဲသရေရလဒ်ရရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းက ပြန်လည်တည်ငြိမ်နေလို့ အခုပွဲစဉ်မှာလည်း အဝေးကွင်းဆိုပေမယ့် အက်သလက်တီကိုအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။ ယာမယ်၊ လီဝန်ဒေါစကီးနဲ့ ရာဖင်ဟာတို့ တိုက်စစ်အတွဲက ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်စွမ်းရှိနေပါတယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ ဘာစီလိုနာအသင်းက ၂၃ ကြိမ် အနိုင်ရရှိထားပါတယ်။ အက်သလက်တီကိုအသင်းက ခြောက်ကြိမ်အနိုင်ရရှိပြီး ၁၂ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အဝေးကွင်းဆိုပေမယ့် ချန်ပီယံဆုအတွက် အနည်းဆုံးသရေရလဒ်ရရှိအောင် စွမ်းဆောင်နိုင်မယ့် ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်-အက်သလက်တီကို ၁ - ၂ ဘာစီလိုနာ

## အတ္တလန္တာ Vs အင်တာမီလန်

ကစားမည့်ရက်/အချိန်
(၁၇-၃-၂၀၂၅ နံနက် ၂:၁၅ နာရီ)
နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်
အင်တာမီလန် ၂ - ၀ အတ္တလန္တာ
အင်တာမီလန် ၄ - ၀ အတ္တလန္တာ
အင်တာမီလန် ၄ - ၀ အတ္တလန္တာ
နောက်ဆုံးကစားတဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်
အတ္တလန္တာ ဝေး(နိုင်) အိမ်(သရေ) ဝေး(နိုင်)
အင်တာမီလန် ဝေး(နိုင်) အိမ်(နိုင်) အိမ်(နိုင်)

အတ္တလန္တာအသင်းအတွက် အိမ်ကွင်းမှာလက်ခံကစားရမှာဆိုပေမယ့် အင်တာမီလန်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိနေလို့ အခုပွဲစဉ်မှာလည်း ခက်ခက်ခဲခဲရုန်းကန်ရပါလိမ့်မယ်။ အတ္တလန္တာအသင်းက ရမှတ်လိုအပ်ချက်တွေရှိနေလို့ နောက်ပိုင်းပွဲစဉ်တွေမှာ သေချာပြင်ဆင်ကစားနေပြီး ရလဒ်ကောင်းတွေရယူနိုင်ခဲ့ကာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ဂျူဗင်တပ်စ်အသင်းကို အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ အင်တာမီလန်အသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိလို့ အခုပွဲစဉ်မှာလည်း သူတို့အသင်းအတွက် အိမ်ကွင်းမှာ အမြင့်ဆုံးသရေရလဒ်သာမျှော်လင့်နိုင်မှာပါ။

အင်တာမီလန်အသင်းက အမှတ်ပေးဇယားကို ဦးဆောင်နေတယ်ဆိုပေမယ့် အဆင့်(၂)နေရာက နာပိုလီအသင်းနဲ့ တစ်မှတ်သာကွာဟနေလို့ ရမှတ်လိုအပ်ချက်ရှိနေပါတယ်။ အင်တာမီလန်အသင်းက အတ္တလန္တာအသင်းနဲ့တွေ့ဆုံတဲ့ နောက်ဆုံးခုနစ်ပွဲဆက်အနိုင်ရရှိခဲ့တဲ့အထိ တွေ့ဆုံမှုအပိုင်းမှာ သိသိသာသာအသာစီးရယူထားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် အင်တာမီလန်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း အဝေးကွင်းဆိုပေမယ့် ခံစစ်ပိုင်းလိုအပ်ချက်တွေရှိနေတဲ့ အတ္တလန္တာအသင်းကို ပွဲချိန်ပြည့် ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ ဒါ့ပြင် အင်တာမီလန်အသင်းအတွက် အခုပွဲစဉ်မှာသာ အနိုင်ရရှိမယ်ဆိုရင် အတ္တလန္တာအသင်းကို ရမှတ်ဖြတ်တောက်နိုင်မှာဖြစ်လို့ အမှားခံမှာမဟုတ်ပါဘူး။

နှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အင်တာမီလန်အသင်းက ၁၄ ကြိမ်အနိုင်ရရှိထားပါတယ်။ အတ္တလန္တာအသင်းက ငါးကြိမ်အနိုင်ရရှိပြီး ၁၀ ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ခြေစွမ်းပိုင်းကလည်း ကွာခြားမှုမရှိလို့ နောက်ပိုင်းတွေ့ဆုံမှုတိုင်း အနိုင်ရယူထားနိုင်တဲ့ အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ်-အတ္တလန္တာ ၁ - ၂ အင်တာမီလန်

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၉)

ဖူလ်ဟမ် - **စပါး**
လက်စတာ - **မန်ယူ**

## စပိန်လာလီဂါပွဲစဉ်(၂၈)

လီဂါနက်စ် - **ဘတ်တစ်**
ဆီဗီလာ - **ဘီလ်ဘာအို**
အိုဆာဆူနာ - **ဂီတာဖေးလ်**
ဗယ်လ်ကာနို - **ဆိုစီဒက်စ်**

## အီတလီစီးရီးအေပွဲစဉ်(၂၉)

ဗင်နီဇီယာ - **နာပိုလီ**
ဘိုလော့ဂ်နာ - **လာဇီယို**
ရိုးမား - ကက်ဂလီယာရီ
ဖီအိုရင်တီးနား - **ဂျူဗင်တပ်စ်**

## စည်သူအောင်



# ကျိုက်ထိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဘွဲ့တံဆိပ်တော်ရ အပူဇော်ခံဆရာတော် ကိုးပါးအား ပုနဂုဏာဝိသိဋ္ဌမင်္ဂလာ ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပ



ကျိုက်ထို မတ် ၁၅

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၅ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှဆက်ကပ်လှူဒါန်းသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးကိုးပါးအား ပုနဂုဏာဝိသိဋ္ဌမင်္ဂလာချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျိုက်ထိုမြို့နယ်ရှိဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဘွဲ့တံဆိပ်တော်ရမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ နာယကထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊သံဃာတော်၊ အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည်။

ယင်းနောက်ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်မှ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဦးကံစောလှိုင်နှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်၊အရှင်သူမြတ်များထံ ဘွဲ့တံဆိပ်တော်အဆောင်အယောင်နှင့် နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဘွဲ့တံဆိပ်တော်ရ မင်္ဂလာကန်တော်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိန္ဒမှ လှူဒါန်းမှုအစုစုပေါင်းအတွက် အနုမောဒနာတရားနာကြားကာရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ရွှေဘုန်းပွင့်စေတီတော်အဝင်လမ်း မုခ်ဦးဆောင်ရွက်မည့်နေရာအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



တောင်ကြီး မတ် ၁၅

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော် အဝင်လမ်း မုခ်ဦးတည်ဆောက်မည့်နေရာနှင့် ရွှေဘုန်းပွင့်အတက်လမ်း ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည့်ကိစ္စရပ်များအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများမှ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က မုခ်ဦးများဆောင်ရွက်မည့်နေရာတွင် လမ်းအူကြောင်းကို အဓိကထားဆောင်ရွက်ပေးရန်နှင့် လမ်းခင်းရာတွင်လည်း လမ်းဖြေညှိဆောင်ရွက်ပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်နိုင်ရေးအတွက် စေတီတော်အား သစ်စေးဆက်ကပ်ဆောင်ရွက်ပြီးစီးမှုနှင့် စေတီတော်သဘာဝဘေးဒဏ်များမှကာကွယ်နိုင်ရန်အတွက်လေတိုက်နှုန်း၊ မြေငလျင်လှုပ်ခတ်မှုနှုန်းအား တွက်ချက်၍ လိုအပ်သည့် Epoxyကော်များ ဖြည့်စွက်၍ Reinforcementအား ဖြည့်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ရွှေဘုန်းပွင့်စေတီတော်ပရိဝုဏ်အတွင်းရှိ သံဆန်ခါများ ပြန်လည်ဆေးသုတ်နိုင်ရန် ပြုပြင်နေမှုအားကြည့်ရှု၍ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဌင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘုန်းပွင့်ဘုရား အတက်၊ အဆင်းလမ်း (ဘုရားလမ်းဆုံမှ ရေထွက်ဦး နေလလမ်းဆုံအထိ) လမ်းပိုင်းအား ACအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် မြစိမ်းတောင်ဘုရားမုခ်ဦးအနီး Sကွေ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာအား သွားရောက်ကြည့်ရှုရာ လုပ်ငန်းဆောင်ရွက်မည့်ကိစ္စရပ်များကို ပြည်နယ်စည်ပင်သာယာရေးဌာနတာဝန်ရှိသူများမှရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လျာထားချက်အတိုင်းဆောင်ရွက်ရန်နှင့် တန်ဖိုး၊ လုပ်ငန်းမပြောင်းဘဲ နေရာပြောင်းရွှေ့ဆောင်ရွက်ပေးကြရန် ဖြည့်စွက်မှာကြား၍ လုပ်ငန်းဆောင်ရွက်မည့် လမ်းနေရာများအား ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ယင်းနောက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် တောင်ကြီးမြို့ ရေထွက်ဦးလမ်း(နေလလမ်းမှ ရန်ကြီးအောင်လမ်းအထိ) ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများ၊ ရေထွက်ဦးလမ်း(နေလလမ်းဆုံမှ) ပညာဗေဒမိလမ်း(ရေထွက်ဦးလမ်းဆုံမှဘူဆန်လမ်းကွေ့ထိ) ACခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်စည်ပင်သာယာရေးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးညီညီသန့်မှ ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း (FLY Project 2025) လျှောက်လွှာခေါ်ယူခြင်း

၁။ အာဆီယံနိုင်ငံများနှင့် Asian Film Commission Network (AFCNet) အဖွဲ့ဝင်နိုင်ငံများမှ ၂၀၂၅ ခုနှစ်အတွက် ရုပ်ရှင်မျိုးဆက်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစီမံကိန်း (ASEAN-ROK Film Leader Incubator; FLY Project 2025) ကို ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့တွင် ၄-၉-၂၀၂၅ ရက်နေ့မှ ၁၉-၉-၂၀၂၅ ရက်နေ့အထိ ဇာတ်လမ်းတို၊ မှတ်တမ်းရုပ်ရှင်ရိုက်ကူးခြင်းသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ (၂)ဦး ရွေးချယ်စေလွှတ်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါ FLY Project 2025 သို့တက်ရောက်ရန် လျှောက်ထားလိုသူများသည် အောက်ပါအချက်လက်များနှင့် ပြည့်စုံသူဖြစ်ရပါမည်-

(က) **သင်တန်းသားများအတွက် သတ်မှတ်အရည်အချင်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(၂) ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မွေးဖွားသူဖြစ်ရမည်၊

(၃) အနည်းဆုံး ဇာတ်လမ်းတို သို့မဟုတ် မှတ်တမ်းဇာတ်လမ်း သို့မဟုတ် ဗီဒီယိုဇာတ်ကား(၂)ကား ရိုက်ကူးဖူးသူ ဖြစ်ရမည်၊

(၄) အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်ရမည်၊

(၅) နိုင်ငံခြားခရီးသွားလာမှုအတွက် ပိတ်ပင်ခြင်းခံထားရသူ မဖြစ်စေရ၊

(၆) ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် Asian Film Academy (BAFA) တို့တွင် ပြုလုပ်သည့်အစီအစဉ်တစ်ခုခု၌ ပါဝင်ဖူးသူ မဖြစ်စေရ။

(ခ) **လျှောက်လွှာတွင်ပါရှိရမည့်အချက်များ**

(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများတွင် ပြည့်စုံစွာ ဖြည့်စွက်ခြင်း၊


(၂) လျှောက်ထားသူ၏ စိတ်ပါဝင်စားမှု၊ ကိုယ်ရေးအကျဉ်း၊ အနာဂတ်အစီအစဉ်များ ရေးသားဖော်ပြထားသည့် မိတ်ဆက်စကား။

၃။ လျှောက်လွှာများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲ၊ အမှတ်(၂၈) ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရယူလျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူများအနေဖြင့် လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်ပြီး လိုအပ်သည့်အချက်အလက်(ဖ)စုံ၊ ရိုက်ကူးထားသည့် Project Video File (၂)ခုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသို့ ၄-၄-၂၀၂၅ ရက်၊ (သောကြာနေ့) ရုံးချိန်အတွင်း အရောက်ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်း လူတွေ့ဖြေဆိုရမည်ဖြစ်သည်။

၅။ အသေးစိတ်သိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲ(ရန်ကုန်)၊ နိုင်ငံတကာဌာနစုတယ်လီဖုန်းအမှတ် ၀၁-၇၅၃၇၉၃၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညှိမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်းမပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းတနော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်



ပန်းတနော် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပန်းတနော်မြို့နယ် အလယ်ပိုင်း ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းအဝင်လမ်း ကွန်ကရစ်လမ်း သစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ ၁၅ ရက်တွင် အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့က ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည် ၆၃၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ရှိပြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် တင်ဒါအောင်မြင်သည့် ရာဇဝင်သစ်ကုမ္ပဏီက ငွေကျပ် ၃၄ ဒသမ ၅၉ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# ညောင်ရွှေမြို့နယ် လွယ်ငြိမ့်ကျေးရွာ၌ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တောင်ပို့ကြီးကျေးရွာ အုပ်စု လွယ်ငြိမ့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို မတ်လ ၁၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့် အတူ လွယ်ငြိမ့်ကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

လွယ်ငြိမ့်ကျေးရွာ၌ နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၂၀ ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလစတုတ္ထပတ်မှစ၍ ရေရှိရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မြောင်းမြခရိုင်၌ ဆီထွက်သီးနှံ ဆောင်းနေကြာဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး



မြောင်းမြ မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံဆောင်းနေကြာ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ လျာထားဧက ၉၄၈၆ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၉၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ဆောင်းနေကြာများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လယ်မြေများအရောက်ကွင်းဆင်း အသိပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဆီထွက်သီးနှံနေကြာကို နိုဝင်ဘာလပထမပတ်ထဲမှာ စတင်စိုက်ပျိုးခဲ့တာပါ။ နေကြာစိုက်ပျိုးထုတ်လုပ်နိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်ပျိုးမီကတည်းက စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးပြီး ဆောင်းနေကြာတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ကွင်းဆင်းပြီး ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောသည်။

မြောင်းမြခရိုင်၌ ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် နည်းပညာများ၊ လိုအပ်သောပံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်ခြင်းများ၊ စိုက်ပျိုးရေးသွင်းအားစု အသုံးပြုရေးနည်းစနစ်များ စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ဆက်စပ်သူများ အနေဖြင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်မြော်တွေးလျက် နိုင်ငံအတွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ကသာမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် စာမေးပွဲဖြေဆိုရန်ဆောင်ရွက်ထားမှုတို့ကို ကွင်းဆင်းစစ်ဆေး

ကသာ မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၇ ရက်မှစတင်၍ ကျင်းပမည်ဖြစ်ရာ စာမေးပွဲကျင်းပမည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဖြေဆိုရန်စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို မတ်လ ၁၄ ရက်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနဌ၌ ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်မည့် ကျောင်းအုပ်ဆရာမကြီးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ စာဖြေခန်းများအတွင်း စာဖြေခုံများစီစဉ်ထားရှိမှု၊ လျှပ်စစ်မီးများသွယ်တန်းထားရှိမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ်မီးသတ်ဆေးဘူးများ ထားရှိမှု၊ ကျောင်းဝင်းအတွင်း မီးချိတ်၊ မီးကပ်များ ဆောင်ရွက်ထားရှိမှုနှင့် ရေကန်များအတွင်း ရေဖြည့်တင်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်နန္ဒာလင်းနှင့် ကြီးကြပ်ရေးမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်စန်းတို့က တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စွာ(ကသာ)**





**ပျောက်ဆုံးကြောင်း**

ဒေါ်ခေါ်ထွယ်(ဘ)ဦးကရိုင်လ ၁/မကန(နိုင်) ၁၃၆၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၇၆၃၈၆၁

**ပျောက်ဆုံးကြောင်း**

မစန်းသီတာ(ဘ)ဦးအောစိတ္တ ၁၃/ကမန(နိုင်) ၀၇၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၂၀၇၂၃

**ပျောက်ဆုံးကြောင်း**

မသန္ဓာဝင်း(ဘ)ဦးအေးဝင်း ၇/ဖမန(နိုင်) ၂၆၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၃၉၇၁၅၀

**ပျောက်ဆုံးကြောင်း**

မောင်သန်းကိုကို(ဘ)ဦးလှဝေ ၁၀/မလမ (နိုင်)၂၀၈၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၀၈

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးချစ်ခင်(ခ)ချေးခေး**
**အသက်(၅၆)နှစ်**

ကျိုင်းတုံမြို့၊ အမှတ်(၄)ရပ်ကွက်၊ နွဲ့နောရပ်နေ ဦးချစ်ခင်(ခ)ချေးခေး(ဥက္ကဋ္ဌ၊ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကျိုင်းတုံမြို့နယ်) သည်(၁၄-၃-၂၀၂၅)ရက်နေ့ ည ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးချစ်ခင်(ခ)ချေးခေး**
**အသက်(၅၆)နှစ်**

၁၉၉၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များတွင် အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ပေးခဲ့သူ၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကျိုင်းတုံမြို့နယ် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သူ ဦးချစ်ခင်(ခ)ချေးခေး(၁၄-၃-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အာခါအမျိုးသားစာပေနှင့်ယဉ်ကျေးမှု

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ စပယ်လမ်း၊ အိမ်အမှတ်(ဟ/၆)နေအဘဦးဝင်းဆွေ ၉/တတဥ (နိုင်)၀၆၃၅၆၁ အမိဒေါ်ပြုံးပြုံးနွယ် ၉/မမန(နိုင်)၀၂၈၅၆၉ တို့၏သား မောင်ဟန်ထူးနိုင် ၉/ပဥလ(နိုင်)၀၃၄၆၇၄၄နှင့် မောင်ခန့်ထူးပိုင် ၉/ပဥလ(နိုင်)၀၅၈၀၇၃၃ တို့သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဝင်းဆွေ+ဒေါ်ပြုံးပြုံးနွယ်

**ပျောက်ဆုံးကြောင်း**

မင်းထွန်းလတ်(ဘ)ဦးစိုးမြင့် ၅/အတန(နိုင်) ၀၄၉၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 788218)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၀၂၈၃၃၉




**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ**
**" GREEN-UCO MYANMAR CO., LTD."**
**အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်အကြောင်းကြားစာ**

"GREEN-UCO MYANMAR CO.,LTD." ၏နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ နံနက် (၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြဝတီရုပ်ရှင်ရုံ(၃)လမ်း၊ အမှတ်(၃အေ)တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍အဖွဲ့ဝင်အားလုံးမဟုတ်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်စာရင်းရှင်းတမ်းများတင်ပြပါမည်။

ဦးဇင်ဝေ
B.Com(AA)C.P.A(210) (MAIP-00143)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊အ.လ.က ကျောင်း-ခွဲ(Grade-3)မှ မောင်ဟိန်းစစ်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်တင်ဝေမြင့်(၇/ရတရ(နိုင်)၁၂၃၃၁၃)ဖြစ်ပါကြောင်း။
ဒေါ်တင်ဝေမြင့်

**ပျောက်ဆုံးကြောင်း**

ရန်လင်းအောင်(ဘ)ဦးမြင့်ဦး ၁၂/သခန (နိုင်)၁၆၉၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၂၁၁၂၅၅

**ပျောက်ဆုံးကြောင်း**

အောင်မြိုးဝင်း(ဘ)ဦးဝင်းကြိုင် ၉/ဟဘန(နိုင်) ၂၅၁၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၆၆၉၉၅၁၆

**ပျောက်ဆုံးကြောင်း**

စရဲလွန်းအောင်(ဘ)မန်းသိန်းကြည်အောင် ၁၄/မမန(နိုင်)၂၂၆၉၀၇ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၅၇

**ပျောက်ဆုံးကြောင်း**

သဃ်နိုးကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၄၉)နေခင်ခင်သီ(ဘ)ဦးအောင်လင်း ၁၀/မလမ(နိုင်) ၁၂၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၄၄၇၅၁၈

**အလိမ္မာစာမှာရှိ**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန**
**အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ ခု (ဧပြီလမှမတ်လ) ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် လမ်းလုပ်ငန်းများ၊ ရေမြောင်းလုပ်ငန်းများနှင့် Precast စက်ရုံတို့တွင် အသုံးပြုရန်အတွက်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူသွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်းများ – (၁) ကတ္တရာအရည်ပြည့်(၆၀/၇၀)Drum Type ဝယ်ယူခြင်း
(၂) လုပ်ငန်းသုံးကျောက်မျိုးစုံဝယ်ယူခြင်း
(၃) Ready Mix Concrete ဝယ်ယူခြင်း
(၄) AC Plant ၏ Spare Parts ပစ္စည်းများဝယ်ယူခြင်း
(၅) အုတ်ဝယ်ယူခြင်း
(၆) Thermoplastic Power & Glass Bead ဝယ်ယူခြင်း
(၇) Bulk Cement Powder ဝယ်ယူခြင်း

(ခ) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၁၉-၃-၂၀၂၅)
(ဂ) တင်ဒါလျှောက်လွှာရောင်းချခြင်း ဖိတ်သိမ်းမည့်နေ့ရက် – (၂၄-၄-၂၀၂၅)
(ဃ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန် – (၂၄-၄-၂၀၂၅) နံနက်(၉:၃၀)မှ (၁၆:၃၀)နာရီ
(င) တင်ဒါတစ်စောင်စျေးနှုန်း – အမှတ်စဉ်(၁)အတွက် ငွေကျပ် ၅၀၀၀၀/-နှုန်း
အမှတ်စဉ်(၂)အတွက် ငွေကျပ် ၃၀၀၀၀/-နှုန်း
အမှတ်စဉ်(၃၊ ၄၊ ၅၊ ၆၊ ၇)အတွက် တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-နှုန်း

၂။ ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ပုံစံများရောင်းချခြင်းနှင့် တင်သွင်းရမည့်နေရာမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနသို့ ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လမ်းတံတားဌာန၊ ဖုန်း-၀၉-၄၃၁၈၁၈၁၊ ၀၉-၄၃၁၈၁၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၁၅-၃-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၆-၃-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စဉ့်ကူ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၀၅ | ၃၁၆၀ | ၃၀၉၅ | ၃၂၀၀ | ၃၂၁၅ | ၃၂၃၅ | ၃၁၅၀ | ၄၅၀၅ | ၃၄၄၅ | ၃၁၇၀ | ၃၁၇၀ | ၃၂၄၀ | ၃၂၀၅ | ၃၂၂၅ | ၃၄၈၅ |
| 95 Ron | ၃၁၃၅ | ၃၂၅၀ | ၃၂၁၀ | ၃၁၅၀ | ၃၂၅၅ | ၃၂၇၀ | ၃၂၈၅ | ၃၂၀၅ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၉၅ | ၃၂၆၀ | ၃၂၀၀ | ၃၅၃၅ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၆၅ | ၂၇၆၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၅ | ၃၀၆၀ |
| HSD (50 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | ၄၈၃၀ | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |
| HSD (10 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | - | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၉ | ၃၀၀၁ |
| 95 Ron | ၂၉၆၀ | ၃၀၅၃ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂
**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**⇨ ကျောဖုံးမှအဆက်**

ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံ ကျော်တန်ဖိုးရှိ ပလတ်စတစ်ဆပ်ပြာခွက် ၃၀၈၀ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလိုနှင့်စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅၄ သိန်းသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို ရှုမ်းပြည်နယ်(မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်ကြသည့် တင်ဝင်းအား ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၁၃၉(B)လမ်း၊ ၆၂ x ၆၃ လမ်းကြားတွင်လည်းကောင်း၊ မဲဒီရိုခုံနှင့် မဝါဝါစိုးတို့အား မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်တွင်လည်းကောင်းအသီးသီး ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

- စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ . . .
- စာတတ်ပြီးစာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ . . .
- စာတတ်ပြီးစာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ . . .
- လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ် . . .
- စာပေလေ့လာဖတ်ရှုနိုင်မည့်ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်း တပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် မတ် ၁၅

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၁၅၈ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၃ ဦး ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် **စာမျက်နှာ ၂၄ ကော်လံ ၁ ●**



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များကဆောင်ရွက်စဉ်။

## ရောင်စုံပျံ့သင်းစာပန်းခင်း

(၃၈)ဖြာမဂ်လာ

ဆည်းပူးလေ့လာ

ပညာရှာ(သိပ္ပဥ္စ)

ကိုဇော်ဌေး(ယဉ်ကျေးမှု) စာ - ၁၁ သို့

ဆိုရိုးစကားအလေးထား

ချစ်စကိုရှည်စေ၊

မုန်းစကိုတိုစေ

ရေနံ့သာမောင်ကျော်ညွန့် စာ - ၁၁ သို့

လျှစ်လျူရှုခံ

ကျောက်သားပျက်သီး

(Gac Fruit) သို့မဟုတ်

ကောင်းကင်ဘုံမှ နတ်သစ်သီး

ဆောင်းပါး စာ - ၁၃ သို့

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၀ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရှူးသွပ် ဆေးပြား ၁ ဒသမ ၅၄ သိန်း ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ်လ ၉ ရက်နေ့ နံနက် ၅ နာရီခွဲအချိန် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ဟန်ဝင်းအောင် မောင်းနှင်ပြီး နိုင်မင်းထက်နှင့်စိုးမိုးအောင်တို့လိုက်ပါလာသည့် NISSAN CONDOR ဖ ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဂျပ်စက္ကူအဟောင်းများ၊ ရေသန့်ဘူးခွံများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် **စာမျက်နှာ ၃၁ ကော်လံ ၁ ⇨**



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

